ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# မင်းပြားမြို့နယ်
## အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်
## ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ။







USAID
FROM THE AMERICAN PEOPLE

IDM-RAND

Rakhine State

# မာတိကာ


ကျေးဇူးတင်ဂုဏ်ပြုလွှာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅

မင်းပြားမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ အမှာစာ . . . . . . . . . . . . . . . . . . ၆

အခန်း (၁) အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ် . . . . ၇

၁. ၁ နောက်ခံသမိုင်းကြောင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇

၁. ၂ ရည်မှန်းချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇

၁. ၃ အကျိုးရလဒ်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈

၁. ၄ လုပ်ငန်းစဉ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈

အခန်း (၂) မင်းပြားမြို့နယ် ဘေးအန္တရာယ်သက်ရောက်နိုင်ခြေနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ထိခိုက်ခံရလွယ်မှု ဆန်းစစ်ချက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၀

၂. ၁ ရေကြီးခြင်းဘေး (ဆိုင်ကလုန်းမုန်တိုင်းလေတိုက်ခတ်နှုန်း ၁နာရီ မိုင်၁၀၀နှင့်အထက် ဖြစ်စဉ်) . . . . ၁၀

၂. ၂ ထိခိုက်ခံရလွယ်မှု . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၄

၂. ၂. ၁ ဆိုင်ကလုန်း လေတိုက်ခတ်နှုန်း ၁နာရီ မိုင် (၁၀၀ နှင့် အထက်) . . . . . . . . . . . . . . . . . ၁၄

၂. ၂. ၂ ရေကြီးခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၄

၂. ၂. ၃ မင်းပြားမြို့နယ်တွင် ရေကြီးခြင်းဘေး (ဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း) ဖြစ်စဉ် ထိခိုက်ခံရလွယ်သော ကျေးရွာစာရင်း . . . . . . . . . . . . . . . . . . . . . . . . . ၁၈

၂. ၂. ၄ မင်းပြားမြို့နယ် အရေးပေါ်ကာလရွှေ့ပြောင်းနေရာချထားရန်ခိုလှုံရာနေရာ ဖော်ထုတ်ထားရှိမှု . ၁၈

အခန်း (၃) အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကဏ္ဍအသီးသီး ဖွဲ့စည်းပုံ . . . . . . . . . . . . ၂၁

၃. ၁ မင်းပြားမြို့နယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် အခန်းကဏ္ဍအလိုက်ဖွဲ့စည်းပုံ . . . . . . . . ၂၁

၃. ၂ မင်းပြားမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၁

၃. ၂. ၁ မင်းပြားမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . . . . ၂၂

၃. ၂. ၂ မင်းပြားမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ချိတ်ဆက်မှုပုံစံ . . . . . . . . . . . . . . . . . . . . ၂၃

၃. ၂. ၃ ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာနများ ချိတ်ဆက်မှုပြဇယား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၃

၃. ၃ မင်းပြားမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၄

၃. ၃. ၁ မင်းပြားမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . . ၂၄

၃. ၃. ၂ မင်းပြားမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ ချိတ်ဆက်မှုပုံစံ . . . . . . . . . . . . . . . . . . . ၂၆

၃. ၃. ၃ ကြိုတင်သတိပေးချက်ကဏ္ဍ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနများချိတ်ဆက်ခြင်းပြဇယား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၇

၃. ၄ မင်းပြားမြို့နယ် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၈

၃. ၄. ၁ မင်းပြားမြို့နယ် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . . . ၂၈

၃. ၄. ၂ မင်းပြားမြို့နယ် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ ချိတ်ဆက်မှုပုံစံ . . . . . . . . . . . . . . . . . . . ၂၈

၃. ၄. ၃ ရှာဖွေကယ်ဆယ်ရေးကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနများချိတ်ဆက်မှု ပြဇယား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၉

၃. ၅ မင်းပြားမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . ၃၀

၃. ၅. ၁ မင်းပြားမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . ၃၀

၃. ၅. ၂ မင်းပြားမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ချိတ်ဆက်မှုပုံစံ . . . . . . . . . . . . . . . . ၃၂

၃.၅.၃ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်မှုပြဇယား .................... ၃၃

၃.၆ မင်းပြားမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ .................... ၃၄

၃.၆.၁ မင်းပြားမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ဖွဲ့စည်းပုံ .................... ၃၄

၃.၆.၂ မင်းပြားမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ချိတ်ဆက်မှုပုံစံ .................... ၃၅

၃.၆.၃ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများချိတ်ဆက်မှုပြဇယား .................... ၃၅

၃.၇ မင်းပြားမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ .................... ၃၆

၃.၇.၁ မင်းပြားမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ လုပ်ငန်းအတွက် ဖွဲ့စည်းပုံ .................... ၃၇

၃.၇.၂ မင်းပြားမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ .................... ၃၈

၃.၇.၃ မင်းပြားမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်ခြင်းပြဇယား .................... ၃၉

၃.၈ မင်းပြားမြို့နယ် လုံခြုံရေးကဏ္ဍ .................... ၄၀

၃.၈.၁ မင်းပြားမြို့နယ် လုံခြုံရေးကဏ္ဍ ဖွဲ့စည်းပုံ .................... ၄၀

၃.၈.၂ မင်းပြားမြို့နယ် လုံခြုံရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ .................... ၄၀

၃.၈.၃ မင်းပြားမြို့နယ် လုံခြုံရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ချိတ်ဆက်မှုပြဇယား .................... ၄၁

၃.၉ မင်းပြားမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးလုပ်ငန်းကဏ္ဍ .................... ၄၂

၃.၉.၁ မင်းပြားမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရေးလုပ်ငန်းကဏ္ဍ ဖွဲ့စည်းပုံ .................... ၄၂

၃.၉.၂ မင်းပြားမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရေးလုပ်ငန်းကဏ္ဍ ချိတ်ဆက်မှုပြပုံစံ .................... ၄၃

၃.၉.၃ မင်းပြားမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်မှုပြဇယား .................... ၄၄

အခန်း (၄) မင်းပြားမြို့နယ် အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ .................... ၄၅

၄.၁ အရေးပေါ်ကာလကြိုတင်ပြင်ဆင်ရေး .................... ၄၅

၄.၂ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေး .................... ၄၅

၄.၃ သဘာဝဘေးကျရောက်နေသည့်အဆင့်တွင် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် သတ်မှတ်ထားရှိချက် .................... ၄၅

၄.၄ မင်းပြားမြို့နယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးကဏ္ဍ အသီးသီးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ .................... ၄၇

၄.၄.၁ မင်းပြားမြို့နယ် ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ .................... ၄၇

၄.၄.၂ မင်းပြားမြို့နယ် ကြိုတင်သတိပေးမှုကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ .................... ၅၀

၄.၄.၃ မင်းပြားမြို့နယ် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ .................... ၅၂

၄.၄.၄ မင်းပြားမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ .................... ၅၄

၄.၄.၅ မင်းပြားမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ .................... ၅၇

၄.၄.၆ မင်းပြားမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ .................... ၅၉

၄. ၄. ၇ မင်းပြားမြို့နယ် လုံခြုံရေးကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ. . . . . . . . . . . . . . ၆၁
၄. ၄. ၈ မင်းပြားမြို့နယ် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၃
အခန်း (၅) မင်းပြားမြို့နယ် အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းစဉ်များလုပ်ဆောင်ရန် တုံ့ပြန်ဆောင်ရွက်ရေးကဏ္ဍအသီးသီး၏ အရင်းအမြစ်နှင့် လိုအပ်ချက်များ. . . . . . . . . . . . . . . . . . . . . . . . . . . . ၆၆
၅. ၁ မင်းပြားမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၆
၅. ၂ ကြိုတင်သတိပေးချက်ကဏ္ဍဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့်ကွာခြားချက်များ . . . . . . ၆၈
၅. ၃ ရှာဖွေကယ်ဆယ်ရေးကဏ္ဍဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့်ကွာခြားချက်များ. . . . . . . ၆၈
၅. ၄ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက် များ . . ၇၀
၅. ၅ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက် များ. . ၇၁
၅. ၆ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတွင် အသုံးပြုမည့် အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြား ချက်များ. ၇၂
၅. ၇ လုံခြုံရေးကဏ္ဍတွင် အသုံးပြုမည့် အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ . . . . . . . . . ၇၃
၅. ၈ ကနဦးပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍတွင် အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇၄
အခန်း (၆) မင်းပြားမြို့နယ် အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာ လုပ်ငန်းစဉ် များ စောင့်ကြည့်သုံးသပ်ခြင်းနှင့် အရေးပေါ်ကာလတွင် ပေါင်းစပ်ဆောင်ရွက်မှုလုပ်ငန်းစဉ်ပြပုံစံ. . . . . . . . . . . . . . . . . . . . . . ၇၆
၆. ၁ တုံ့ပြန်ဆောင်ရွက်ရေး ကဏ္ဍအသီးသီးအတွက် အစိုးရဌာနအသီးသီးနှင့် အခြားသောပူးပေါင်းပါဝင်ဆောင်ရွက်သူ (Stakeholders) များ၏ ချိတ်ဆက်မှုပြပုံစံ . . . . . . . . . . . . . . . . . . . . . . . . . . . . ၇၆
နောက်ဆက်တွဲ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇၈
နောက်ဆက်တွဲ (၁) မင်းပြားမြို့နယ်အတွင်းရှိ အစိုးရဌာနများ . . . . . . . . . . . . . . . . . . . . . . . . . . ၇၈
**နောက်ဆက်တွဲ (၂) မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများအခြေပြု ခိုလှုံရာနေရာ ဖော်ထုတ်တားရှိမှုနှင့် ရေဘေးအန္တရာယ်အတွက် ခိုလှုံရာနေရာလိုအပ်ချက်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈၀**
**နောက်ဆက်တွဲ (၃) ကျေးရွာအလိုက်ကူတိုး(သို့မဟုတ်) လိုင်းကောင်စာရင်းများ. . . . . . . . . . . . . . . . . ၁၁၁**
**နောက်ဆက်တွဲ (၄) ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းကောက်ယူမည့်ပုံစံ ...................... ၁၁၃**
**နောက်ဆက်တွဲ (၅) ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းကောက်ယူသည့် website နှင့် Kobo Application . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁၅**
**နောက်ဆက်တွဲ (၆) မင်းပြားမြို့နယ်ရှိ မှတ်ပုံတင်ရေး အဆင့်ဆင့်တွင် ဖွဲ့စည်းထားရှိသော အသင်းအဖွဲ့များစာရင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁၆**
နောက်ဆက်တွဲ (၇) ဆိုင်ကလုန်းမုန်တိုင်းဘေး ၁နာရီ မိုင်(၁၀၀)နှင့်အထက် မုန်တိုင်းကြောင့် ထိခိုက်ခံရလွယ်သော ကျေးရွာစာရင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁၇
နောက်ဆက်တွဲ (၈) ဆိုင်ကလုန်းမုန်တိုင်းဘေး ၁နာရီမိုင်၁၀၀နှင့်အထက် (မိုးသည်းထန်စွာရွာသွန်းခြင်း)ကြောင့် ထိခိုက်ခံရလွယ်သော ကျေးရွာစာရင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁၉
နောက်ဆက်တွဲ (၉) ဆိုင်ကလုန်းမုန်တိုင်း (မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့်) ရေကြီးခြင်းဘေးထိခိုက်ခံရနိုင်ခြေများသောကျေးရွာနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၃
အကိုးအကားများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၆

## ပုံများ

ပုံ (၁) မင်းပြားမြို့နယ်၏ ဆိုင်ကလုန်းမုန်တိုင်း ဘေးအန္တရာယ်သက်ရောက်နိုင်ခြေပြမြေပုံ(လေတိုက်နှုန်း တစ်နာရီမိုင် ၁၀၀ နှင့်အထက်) . . . . . . . . ၁၁
ပုံ (၂) မင်းပြားမြို့နယ်၏ ရေကြီးခြင်းဘေး သက်ရောက်နိုင်ခြေပြမြေပုံ . . . . . . . . ၁၂
ပုံ (၃) မင်းပြားမြို့နယ်၏ ရေကြီးခြင်းဘေးသက်ရောက်နိုင်ခြေပြမြေပုံ (နောက်တစ်ကျော့ပြန်ဖြစ်နိုင်သည့် ကာလ ၅၀ နှစ်) . . . . . . . . ၁၃
ပုံ (၄) မင်းပြားမြို့နယ်၏ ဆိုင်ကလုန်း ထိခိုက်ခံရလွယ်မှုပြမြေပုံ (လေတိုက်နှုန်း တစ်နာရီမိုင် ၁၀၀ အထက်). ၁၆
ပုံ (၅) မင်းပြားမြို့နယ်၏ ရေကြီးခြင်းဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ . . . . . . . . ၁၇
ပုံ (၆) မင်းပြားမြို့နယ်အတွင်း ရေကြီးခြင်းဘေး (ဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးများခြင်း) ထိခိုက်ခံရလွယ်မှုများသော ကျေးရွာများနှင့် ခိုလှုံရာနေရာ အနေအထားပြမြေပုံ . . . . . . . . ၁၉
ပုံ (၇) မင်းပြားမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ် ပြောင်းရွှေ့နေရာချထားရန်နှင့် ခိုလှုံရာနေရာများ အခြေအနေပြ မြေပုံ . . . . . . . . ၂၀

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

မင်းပြားမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို IOM အဖွဲ့နှင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီဝင်များနှင့် ပေါင်းစပ်လျက် ၂၀၁၇ ခုနှစ်တွင် ရေးဆွဲထားပြီးဖြစ်ပါသည်။ ယခုအခါ အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ကို သဘာဝဘေးအန္တရာယ်ကျ ရောက်လာပါက မြို့နယ်အတွင်းဌာနဆိုင်ရာများမှ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ထိထိရောက်ရောက်ဖော်ဆောင်နိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်တကွ မြို့နယ်အရေးပေါ်ကာလတုံ့ပြန် ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ဝင်ဌာနဆိုင်ရာများ၏ ဦးဆောင်မှု၊ ရွှေ့ပြောင်းသွား လာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ နည်းပညာပံ့ပိုးကူညီမှု၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်လျက် ပိုမိုပြည့်စုံပြီး သက်ဝင်လှုပ်ရှားမှုရှိသော စီမံချက်ဖြစ်ပေါ်လာစေရန် သက်ဆိုင်ရာပါဝင်ပတ်သက်သူအားလုံးနှင့် ကျယ်ကျယ်ပြန့်ပြန့်တိုင်ပင်ဆွေးနွေးခြင်း၊ ဒေသတွင်ရှိနိုင်သည့် အရင်းအမြစ်များ လိုအပ်ချက်များအား ဆန်းစစ်အကဲဖြတ်မှုများပြုလုပ်ခြင်း၊ လိုအပ်သော အချက်အလက်များကို ဌာနဆိုင်ရာများမှတဆင့် ကောက်ယူခြင်းစသည့်အချက်များပေါ် အခြေခံသော လုပ်ငန်းစဉ်များဖြင့် စီမံချက်ကို အားဖြည့်ရေးဆွဲထားသည်။

၎င်းမင်းပြားမြို့နယ်အတွင်း အန္တရာယ်အမျိုးမျိုးကျရောက်နိုင်ခြေ အမျိုးအစားအလိုက်၊ ထိခိုက်ဆုံးရှုံးနိုင်ခြေအများဆုံးဖြစ်နိုင်သည့် ရေကြီးခြင်း၊ မိုးများခြင်းနှင့်မုန်တိုင်းကြောင့်ဒီရေတက်ခြင်းဘေးအန္တရာယ်ဖြစ်စဉ်ဖြစ်ရပ်ကို အခြေခံပြီးအရေးပေါ်ကာလ ကြိုတင်ပြင်ဆင်ရေးနှင့်တုံ့ပြန် ဆောင်ရွက်မှုဆိုင်ရာကဏ္ဍများအတွက် စံသတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းများကို ကြိုတင်ဆွေးနွေးဖော် ထုတ်ထားသည်။ သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ရပ်ရွာလူထုများအတွက် ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြှင့်ပေးရန်မြို့နယ်အစိုးရဌာနဆိုင်ရာများအတွက် အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (Emergency Response Contingency Plan)ကို သဘာဝဘေးလျော့ပါးရေးဆိုင်ရာများတွင် ထည့်သွင်းစဉ်းစားနိုင်ရန်ဖော်ထုတ် ဆွေးနွေးထားပါသည်။

ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းအနေဖြင့် ၎င်းမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာအရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲရာတွင် ပါဝင်ကူညီဆောင်ရွက်ခွင့်ရသဖြင့် ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်တကွ သက်ဆိုင်ရာဌာနအကြီးအကဲများ၊ အစိုးရမဟုတ်အဖွဲ့အစည်းများအားလုံးကိုများစွာကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါသည်။ ၎င်းစီမံချက်ရေးဆွဲနိုင်ရေးနှင့် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရေးအတွက် ငွေကြေးဖြင့်ပံ့ပိုးကူညီပေးခဲ့သော USAID/ OFDA ကိုလည်းများစွာကျေးဇူးတင်ရှိပါသည်။

ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းသည် အလားတူ မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ အရေးပေါ်ကာလတုံ့ပြန် ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ကို ရခိုင်ပြည်နယ်အတွင်းရှိ စီမံကိန်းလွှမ်းခြုံရာ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ မောင်တောနှင့်စစ်တွေ မြို့နယ်များအပြင်၊ အခြားပြည်နယ်နှင့်တိုင်းဒေသကြီးရှိ မြို့နယ်များတွင် ရေးဆွဲ နိုင်ရေးအတွက် နည်းပညာပံ့ပိုးပေးနိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။
အထက်တွင် ဖော်ပြထားသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ငွေကြေးအထောက်အကူများမရရှိပါက စီမံချက်စာအုပ်သည် အောင်အောင်မြင်မြင် ထွက်ပေါ်လာနိုင်မည် မဟုတ်ကြောင်းနှင့် ထိုကဲ့သို့သော အကူအညီများအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ထပ်မံဖော်ပြအပ်ပါသည်။

**International Organization for Migration – IOM**

**UN Migration Agency**

# မင်းပြားမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ အမှာစာ

ရခိုင်ပြည်နယ်အတွင်းရှိ မင်းပြားမြို့နယ်သည် ပထဝီအနေအထားအရ သော်လည်းကောင်း၊ ရာသီဥတု နှင့်သဘာဝ ပတ်ဝန်းကျင် အရသော်လည်းကောင်း ဆိုင်ကလုန်းမုန်တိုင်းဘေး၊ မုန်တိုင်းဒီရေလှိုင်းဘေး၊ မီးဘေး၊ ရေကြီးခြင်းဘေး (မိုးများခြင်းနှင့် ပင်လယ်ဒီရေတက်ခြင်း) စသည့် ဘေးအမျိုးမျိုးကျရောက်နိုင်ခြေရှိသော မြို့နယ်တစ်ခုဖြစ်ပါသည်။

၂၀၁၀ခုနှစ် အောက်တိုဘာလတွင် ကျရောက်ခဲ့သော ဂီရိဆိုင်ကလုန်းမုန်တိုင်းနှင့် ၂၀၁၅ ခုနှစ် ကိုမန်မုန်တိုင်းဒဏ်ကြောင့် ရေကြီးခြင်းဘေးဖြစ်စဉ်များကို သင်ခန်းစာယူဆန်းစစ်လေ့လာပြီး ကြိုတင်ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် International Organization for Migration (IOM) (ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း)တို့ နှင့်ပူးပေါင်းပြီး ၂၀၁၇ ခုနှစ်တွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကိုရေးဆွဲပြီးလွှဲပြောင်း ခဲ့ပြီးဖြစ်သည်။

ယခုအခါ မင်းပြားမြို့နယ်သည်ထိခိုက်ဆုံးရှုံးနိုင်ခြေအဖြစ်များသောရေကြီးခြင်းဘေး၊ မိုးများခြင်းနှင့်မုန်တိုင်းကြောင့် ဒီရေတက်ခြင်း ဖြစ်စဉ်ဖြစ်ရပ်ကို အခြေခံပြီး အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်ကိုရေးဆွဲခဲ့ပါသည်။ ထိုစီမံချက်ရေးဆွဲရာတွင် (အိုင်အိုအမ်) မှ နည်းပညာပိုင်းဆိုင်ရာများ၊ ငွေအင်အား၊ လူအင်အားများနှင့် စီမံချက်ရေးဆွဲနိုင်ရေးအတွက် ထဲထဲဝင်ဝင်ပါဝင် ဆောင်ရွက်ပြီး မြို့နယ်အရေးပေါ် ကာလတုံ့ပြန်ဆောင်ရွက်ရေး ကော်မတီဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ အချိန်ယူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီမံချက်ကို အောင်မြင်စွာရေးဆွဲနိုင်ခဲ့ပါသည်။

ဤစီမံချက်ကို ရေးဆွဲထားခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းများနှင့် အခြားသော အကျိုးတူပူးပေါင်းနိုင်သော သာသနာ့ဝန်ထမ်းများ၊ လူမှုဂရုဏာ အဖွဲ့အစည်းများအား ကြိုတင်ဖော်ထုတ်ပေါင်းစပ်ထားခြင်းနှင့် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များကို ရေးဆွဲထားခြင်းဖြင့် ဘေးအန္တရာယ်ကျရောက်လာပါက စနစ်ကျသော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဤစီမံချက်ရေးဆွဲနိုင်ရေးအတွက် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ခဲ့သော မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာကော်မတီဝင်များ၊ နည်းပညာရှင်များနှင့် ကျွမ်းကျင်မှုများ ပံ့ပိုးပေးခဲ့သော International Organization for Migration - IOM (ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း) နှင့် အချက်အလက်ကောက်ယူရာတွင် လိုအပ်သော ကူညီမှုပေးခဲ့သော ပါဝင်ပတ်သက် သူများအားလုံးနှင့် ငွေကြေးပံ့ပိုးမှု ပေးထားသော USAID-OFDA ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဥက္ကဋ္ဌ
(ဦးထွန်းငြိမ်းနိုင် ၊ပ/၅၅၆၄)
မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ
မင်းပြားမြို့

# အခန်း (၁) အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်

## ၁. ၁ နောက်ခံသမိုင်းကြောင်း

ပြည်ထောင်စုမြန်မာနိုင်ငံသည် အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များဖြစ်သော မီးဘေး၊ တောမီးဘေး၊ မြေငလျင်၊ ဆိုင်ကလုန်းမုန်တိုင်း၊ မုန်တိုင်းဒီရေ၊ ဆူနာမီ၊ မြေပြိုခြင်း၊ ရေကြီးခြင်းနှင့် မိုးခေါင်ရေရှားခြင်း ဘေးများကို မကြာခဏ ခံစားရသော နိုင်ငံဖြစ်သည်။ နိုင်ငံအား သဘာဝဘေးအန္တရာယ်များမှ ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြှင့်စေရန်အတွက် အဖွဲ့အစည်းစနစ်ဆိုင်ရာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သည်။ မြန်မာနိုင်ငံတွင် အဖွဲ့အစည်းဆိုင်ရာစနစ်ကို တည်ထောင်ထားရှိရန် လမ်းညွှန်ချက်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေနှင့် နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည်။ ထိုအဖွဲ့အစည်း ဆိုင်ရာစနစ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးကော်မတီများနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်ကို နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျေးရွာအုပ်စု အဆင့်တို့တွင် ရေးဆွဲထားရန်လမ်းညွှန်ထားသည်။

အစိုးရဌာနဆိုင်ရာများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲဆိုင်ရာ လုပ်ငန်း အများစုမှာ ဘေးကျရောက်စဉ်ကာလအရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းစဉ်များကို တိကျသေချာစွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည်များမှာ လိုအပ်မှု၊ အားနည်းမှုများ ရှိသည်ကို တွေ့ရသည်။ အရေးပေါ်တုံ့ပြန်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အချိန်တိုအတွင်း ထိထိရောက်ရောက်ဖော်ဆောင်နိုင်ရန် အရေးပေါ်ကာလကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာကဏ္ဍများအတွက် စံသတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းများ ကြိုတင်ဆွေးနွေးဖော်ထုတ်ထားရန် လိုအပ်သည်။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ရပ်ရွာလူထုများအတွက် ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြှင့်ပေးရန် မြို့နယ်အစိုးရဌာနဆိုင်ရာများအတွက် အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (Emergency Response Contingency Plan) ကို ဆွေးနွေးဖော်ထုတ်ရေးဆွဲခြင်းနှင့် အရေးပေါ်တုံ့ပြန်နိုင်မှုဆိုင်ရာ အသိပညာမြှင့်တင်ပေးခြင်းသည် အဓိက ကျသောလုပ်ငန်းတစ်ခုဖြစ်သည်။ ဤသို့လုပ်ဆောင် ပေးခြင်းဖြင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများကို လျှော့ချပေးနိုင်သည်သာမက မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းများနှင့် အခြားသော အကျိုးတူပူးပေါင်းနိုင်သော သာသနာ့ဝန်ထမ်းများ၊ လူမှုဂရုဏာအဖွဲ့အစည်းများအား ကြိုတင်ဖော်ထုတ်ပေါင်းစပ်ထားခြင်းနှင့် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များကို ရေးဆွဲထားခြင်းဖြင့် စနစ်ကျသော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ၁. ၂ ရည်မှန်းချက်များ

အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး စီမံချက် ရေးဆွဲခြင်း၏ ရည်မှန်းချက်များမှာ -

- အဓိက အစိုးရဌာနဆိုင်ရာများနှင့် မိတ်ဖက်အဖွဲ့အစည်းများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အသိပညာစွမ်းဆောင် ရည်မြှင့်တင်ပေးရန်။

- ရှိထားနှင့်ပြီးသော အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုစွမ်းဆောင်ရည် (ပစ္စည်းကိရိယာနှင့် လူသားအရင်းအမြစ်) ကိုဖော်ထုတ်ရန်နှင့် မြို့နယ်အတွင်းရှိ ထိခိုက်ခံရလွယ်လူထုအတွက် တုံ့ပြန်ဆောင်ရွက်မှုအရင်းအမြစ် လိုအပ်ချက် ဖော်ထုတ်ရန်။
- အရေးပေါ်ကာလတုံ့ပြန် ဆောင်ရွက်မှုစံသတ်မှတ်ထားရှိသော လုပ်ထုံးလုပ်နည်းများ ဖော်ထုတ်ရန်။
- အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး (ဖော်ထုတ်ထားသော ထိခိုက်ခံရလွယ်ဦးရေ)အတွက် ကဏ္ဍအသီးသီးအလိုက် လိုအပ်ချက်နှင့် ကွာဟချက်များကို ဖော်ထုတ်ရန်။
- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှု စံညွှန်းများအတွက် ကဏ္ဍအလိုက်ချိတ်ဆက်မှုများ (အထက်-အောက်၊ ဘေးတိုက်) ကို ဖော်ထုတ်ရန် တို့ဖြစ်သည်။

## ၁. ၃ အကျိုးရလဒ်များ

- အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အသိပညာနှင့် စွမ်းရည် တိုးလာခြင်း။
- မြို့နယ်၏ ရှိထားနှင့်ပြီးသောအရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်မှုစွမ်းဆောင်ရည် ပစ္စည်းကိရိယာနှင့် လူသားအရင်း အမြစ်) လေ့လာဆန်းစစ်ချက် နှင့် ထိခိုက်ခံရလွယ်လူထုအတွက် တုံ့ပြန်ဆောင်ရွက်မှုအရင်းအမြစ် လိုအပ်ချက် နှင့် ကွာခြားချက်များ ကြိုတင်ဖော်ထုတ်နိုင်ခြင်း။
- အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ် ဖော်ဆောင်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုကဏ္ဍအသီးသီးအတွက် အဓိကဦးဆောင်မည့်ဌာန၊ အကျိုးတူပူးပေါင်းမည့် အဖွဲ့အစည်းများနှင့် ပါဝင်ဆောင်ရွက်သူများ ထွက်ပေါ်လာခြင်း။
- အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် စားပွဲဝိုင်းလေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် စီမံချက်ကို သက်ဝင်လှုပ်ရှားမှု ရှိအောင် ဖော်ဆောင်နိုင်ခြင်း
- အန္တရာယ်အမျိုးအစားဖြစ်စဉ်ဖြစ်ရပ်အခြေပြု အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်ကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီသို့ လွှဲပြောင်းပေးအပ်ခြင်းတို့ဖြစ်သည်။

## ၁. ၄ လုပ်ငန်းစဉ်

- မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများနှင့် ရှိထားနှင့်ပြီးသော အရေးပေါ်တုံ့ပြန်မှု အရင်းအမြစ်လေ့လာခြင်းကိုပြည်နယ်နှင့်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု သင်တန်းများ ပြုလုပ်ပေးခြင်း။
- အခြေအနေဖြစ်စဉ်ပေါ်အခြေခံသော ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရလွယ် သူများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု ပြုလုပ်နိုင်ရန် အဓိက ဘေးအန္တရာယ်ကို ရှာဖွေဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဒေသနှင့်ကိုက်ညီသော စံသတ်မှတ်ထားသော လုပ်ငန်းစဉ် ဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု အရင်းအမြစ် လိုအပ်ချက် နှင့် ကွာဟချက်များကို ဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အဖွဲ့အစည်းများကို ဖော်ထုတ်ခြင်း။

- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု အကူအညီ (မိုဘိုင်းအပလီကေးရှင်း၊ တက်ဘလက်၊ သဘာဝဘေးလျော့ပါးရေး ဆိုင်ရာအသိပညာပေးသေတ္တာ၊ ကြို တင်သတိပေးရေး ပစ္စည်းကိရိယာများ) ထောက်ပံ့ပေးခြင်း။
- ဆက်နွယ်ပတ်သက်သူအားလုံးပါဝင်သောစားပွဲဝိုင်းလေ့ကျင့် ခန်းများ ပြုလုပ်ကာ အရေးပေါ် ကာလတုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ကို စတင်လုပ်ဆောင်ခြင်း။
- အတည်ပြုထားသော အရေးပေါ်ကာလတုံ့ပြန် ဆောင်ရွက်ရေးစီမံချက်ကို စာအုပ်ထုတ်ဝေပေးအပ်ခြင်းတို့ ဖြစ်သည်။

# အခန်း (၂) မင်းပြားမြို့နယ် ဘေးအန္တရာယ်သက်ရောက်နိုင်ခြေနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာ ထိခိုက်ခံရလွယ်မှု ဆန်းစစ်ချက်

မင်းပြားမြို့နယ်သည် ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထားတို့ကြောင့် ဘေးအန္တရာယ် အမျိုးမျိုး ဖြစ်သော ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးခြင်း၊ ကမ်းပါးပြိုခြင်းဘေးနှင့် မီးဘေးစသည်တို့ ကျရောက်နိုင်ခြေများသည်။ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်တွင် သက်ရောက်နိုင်ခြေရှိသော ဘေးအမျိုးမျိုးအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်နှင့် လေ့လာဆန်းစစ်မှု ရလဒ်ကို အသေးစိတ် ဖော်ထုတ်ထားသည်။ အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရာတွင် မင်းပြားမြို့နယ် အတွက် ယခင်သမိုင်းကြောင်းနှင့် ပထဝီအနေအထား အရ သက်ရောက်နိုင်ခြေများသော ရေကြီးခြင်းဖြစ်စဉ်ကို ဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း ဖြစ်စဉ်ကို အခြေပြုထားသည်။ ဆိုင်ကလုန်းမုန်တိုင်းလေတိုက်ခတ် နှုန်း ၁နာရီ လျှင် မိုင် (၁၀၀နှင့် အထက်) ကြောင့် ဖြစ်ပေါ်သောမုန်တိုင်းဒီရေလှိုင်းနှင့် တောင်ကျရေများကြောင့် မင်းပြားမြို့နယ်သည် ရေကြီးခြင်း အဓိက ကျရောက်နိုင်ခြေများသဖြင့် စီမံချက်တွင် ရေကြီးခြင်းဘေးနှင့် မုန်တိုင်းဘေးဖြစ်စဉ်ကို အခြေပြုဆွေးနွေး ဖော်ထုတ် ထားသည်။

## ၂. ၁ ရေကြီးခြင်းဘေး (ဆိုင်ကလုန်းမုန်တိုင်းလေတိုက်ခတ်နှုန်း ၁နာရီ မိုင်၁၀၀နှင့် အထက် ဖြစ်စဉ်)

ရေကြီးခြင်းဘေးသည် သဘာဝအရဖြစ်ပေါ်သော ဘေးအမျိုးအစားဖြစ်ပြီး ဒေသအတွင်းမြစ်များ၊ ချောင်း များနှင့် ထိစပ်လျှက်ရှိခြင်းကြောင့်လည်းကောင်း အဓိကအရေးကြီးသော အချက်(၂)ချက်ဖြစ်သော မိုးရွာ သွန်းခြင်းနှင့် မြေမျက်နှာသွင်ပြင်၊ ဒီရေမြင့်ချိန်တွင် ပင်လယ်ရေမျက်နှာပြင် မြင့်လာခြင်းစသည့်အချက် များကြောင့် ဖြစ်ပွားမှု များပြားသည်။ မင်းပြားမြို့နယ်၏ အမြင့်ပိုင်းနေရာတွင်မိုးရွာသွန်းမှု များပြားလျှင် မြစ်ချောင်းများသို့ မိုးရေများ စီးဝင်ခြင်းကြောင့် အနိမ့်ပိုင်းနှင့်ဆက်စပ် နေရာများတွင်မိုးသည်းထန်စွာရွာ သွန်းခြင်းကြောင့် ဆိုင်ကလုန်းမုန်တိုင်း နှင့် ဒီရေမြင့်ချိန်နှင့် မြစ်ရေကြီးချိန်များတွင် အထူးသဖြင့် ရေလွှမ်း မိုးခြင်းဖြစ်ပေါ်သည်။ အောက်တွင် ရေကြီးခြင်း ဘေးသက်ရောက်နိုင်ခြေနှင့် နှစ် (၅၀) ကြာကာလ တစ်ကျော့ပြန် ဖြစ်တန်စွမ်းအတွက် အန္တရာယ်သက်ရောက်နိုင် ခြေကို မြေပုံများဖြင့် ဖော်ပြသည်။

မင်းပြားမြို့နယ်သည်ဘေးအမျိုးမျိုးကျရောက်နိုင်ခြေများပြီး၊ ရေကြီးခြင်းဘေးမှာဖြစ်တန်စွမ်းအကြိမ်အရေအတွက် အားဖြင့်လည်းကောင်း၊ ဆိုးကျိုးဖြစ်ပွားနိုင်ခြေများအားဖြင့်လည်းကောင်း ပိုမိုများပြားသည်ကိုတွေ့ရသည်။ မင်းပြား မြို့နယ်သည် မိုးရာသီမိုးများစွာရွာသွန်းခြင်းနှင့် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ခြင်းကြောင့် မိုးရွာသွန်းမှု မြင့်တက် လျှင်ပင်ရေကြီးနိုင်သည်။ ဆိုင်ကလုန်းမုန်တိုင်းဘေးကြောင့် ရေကြီးခြင်းဘေးဖြစ်ပွားခဲ့ပါက မြို့ပေါ်ရပ်ကွက်များ သည် အမြင့်ဆုံး (၇)ပေမှ အနိမ့်ဆုံး (၃)ပေခန့်၊ ထိခိုက်ခံရလွယ်သော ကျေးရွာများသည် အမြင့်ဆုံး (၁၀ပေနှင့် အထက်)မှ အနိမ့်ဆုံး(၅) ပေခန့်၊ မြို့နယ်၏ တောင်ပိုင်းရှိကျေးရွာများနှင့် ထိခိုက်ခံရလွယ်သော စာရင်းတွင် မပါ ဝင်သော ကျေးရွာများသည် အမြင့်ဆုံး (၇)ပေနှင့် အနိမ့်ဆုံး (၄) ပေခန့်ရေလွှမ်းမိုးနိုင်သည်ဟု အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရေး အဖွဲ့ဝင်များမှ ဆွေးနွေးထားသည်။ တဖက်တွင် ၂၀၁၇ခု မြို့နယ်သဘာဝ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် လေ့လာဆန်းစစ်မှုအဖြေနှင့် အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ စီမံချက်ရေးဆွဲရေး လုပ်ငန်းအဖွဲ့ဝင် ဌာနဆိုင်ရာများမှ ပေါင်းစပ်မှုဖြင့် ရေကြီးခြင်းဘေး၊ ဆိုင်ကလုန်းဘေး (၁နာရီမိုင်၁၀၀နှင့် အထက်)သက်ရောက်နိုင်ခြေပြမြေပုံနှင့် ထိခိုက်ခံရလွယ်မှု မြေပုံတို့ကို ပုံ (၁)၊ (၂)၊ (၃) တွင် ဖော်ပြထားသည်။

ပုံ (၁) မင်းပြားမြို့နယ်၏ ဆိုင်ကလုန်းမုန်တိုင်း ဘေးအန္တရာယ်သက်ရောက်နိုင်ခြေပြမြေပုံ(လေတိုက်နှုန်း တစ်နာရီမိုင် ၁၀၀ နှင့်အထက်)



# ပုံ (၂) မင်းပြားမြို့နယ်၏ ရေကြီးခြင်းဘေး သက်ရောက်နိုင်ခြေပြမြေပုံ



ပုံ (၃) မင်းပြားမြို့နယ်၏ ရေကြီးခြင်းဘေးသက်ရောက်နိုင်ခြေပြမြေပုံ (နောက်တစ်ကြော့ပြန်ဖြစ်နိုင်သည့် ကာလ ၅၀ နှစ်)



## ၂.၂ ထိခိုက်ခံရလွယ်မှု

### ၂.၂.၁ ဆိုင်ကလုန်း လေတိုက်ခတ်နှုန်း ၁နာရီ မိုင် (၁၀၀ နှင့် အထက်)

ထိခိုက်ခံရလွယ်မှုသည် လူတစ်ဦး (သို့) ရပ်ရွာလူထုတစ်ခုလုံး၏ ဘေးအန္တရာယ်အပေါ် ဖြေရှင်းနိုင်သည့် စွမ်းရည်နှင့် ဆက်စပ်လျက်ရှိပါသည်။ ထိခိုက်ခံရလွယ်မှု၏ ဆန်းစစ်အကဲဖြတ်ချက်တွင် အုပ်စုလိုက် (သို့) တစ်ဦးချင်း၏ ထိခိုက်လွယ်မှုပမာဏ အတိုင်းအတာအား ထည့်သွင်းစဉ်းစားပြီး လုပ်ဆောင်ခြင်းဖြစ်သည်။ ထိခိုက်ခံရလွယ်သူများဆိုသည်မှာ ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေ မြင့်မားသည့်နေရာ ဒေသများတွင်နေထိုင်သူများ၊ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ မကျန်းမာသူများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို ဆိုသည်။

လေတိုက်နှုန်းတစ်နာရီမိုင် ၁၀၀နှင့်အထက် ဖြစ်စဉ်တွင် အိမ်အများစုကို ထိခိုက်ပျက်စီးစေနိုင်ပြီး လူအားလုံးကို ထိခိုက်စေနိုင်သည်။ လေတိုက်နှုန်းတစ်နာရီ မိုင် ၁၀၀ နှင့်အထက်ရှိသော ဆိုင်ကလုန်းမုန်တိုင်းတွင် လေတိုက်နှုန်းတစ်ခုတည်းကပင် ဆိုးရွားစွာပျက်စီးမှုကို ဖြစ်ပေါ်စေနိုင်သောကြောင့် ကုန်ထုတ်လုပ်မှု ကဏ္ဍထိခိုက်နိုင်မှုမှာလည်း သိသာစွာမြင့်တက်နိုင်သည်။ မုန်တိုင်းဒီရေနှင့် ပေါင်းစပ်မိပါက ကုန်ထုတ်လုပ်မှု ကဏ္ဍအများစုကို အများဆုံး ထိခိုက်ပျက်စီးဆုံးရှုံးစေနိုင်သည်။

အထူးသဖြင့် အမြင့်ပိုင်းဒေသများနှင့် ရုတ်ချည်းနိမ့်ဆင်းသွားသော ဆင်ခြေလျှောအနိမ့်ပိုင်းများ ဒေသများရှိ သဘာဝပတ်ဝန်းကျင်များ (ဒီရေတောနှင့်သစ်တော) တို့တွင် အန္တရာယ်ထိခိုက်ခံရလွယ်မှုမှာ ပိုမိုမြင့်တက်နိုင်သည်။

လေ့လာဆန်းစစ်ချက်မှုရလဒ်အရ ဆိုင်ကလုန်းအန္တရာယ်လေတိုက်ခတ်နှုန်းသည် ၁နာရီလျှင်မိုင် (၁၀၀)နှင့် အထက်တိုက်ခတ်ပါက အန္တရာယ်ပြင်းအား သက်ရောက်နိုင်မှုအခြေအနေမှာ အလယ်အလတ်နှင့် အမြင့်ဆုံးတွင် ရှိသည်။ လေတိုက်ခတ်နှုန်း ၁နာရီလျှင် မိုင်(၁၀၀)နှင့်အထက် တိုက်ခတ်ပါက မြေမျက်နှာပြင်အားလုံး ကိုသက်ရောက်နိုင်၍ အန္တရာယ်သက်ရောက်လွှမ်းမိုးမှု အဆင့်မှာ အမြင့်ဆုံးအဆင့်တွင်ရှိသည်။ မြေမျက်နှာ သွင်ပြင် အနေအထား အရ ရေလွှမ်းမိုးမှုအမြင့်မှာ (၃ပေကျော်ခန့်မှ ၈ပေကျော်ခန့်) ရှိနိုင်သည်။

### ၂.၂.၂ ရေကြီးခြင်း

မင်းပြားမြို့နယ်သည် ဒေသအတွင်းမြစ်များ၊ ချောင်းများနှင့် ထိစပ်နေခြင်း၊ ပထဝီအနေအထားအရ မြေနိမ့်ခြင်းနှင့် ချိုင့်ဝှမ်းသဖွယ်ဖြစ်တည်နေခြင်းကြောင့် ရေကြီးခြင်းဘေးသက်ရောက်နိုင်ခြေ များသည်။ ရေကြီးခြင်းဘေးသည် သဘာဝအရဖြစ်ပေါ်သော ဘေးအမျိုးအစားဖြစ်ပြီး မြို့နယ်အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရေးလုပ်ငန်းစီမံချက်တွင် **မိုးရွာသွန်းမှုများ၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ဒီရေမြင့်ချိန်တွင် ပင်လယ်ရေမျက်နှာပြင်မြင့်လာခြင်း** နှင့် **ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေကြီးခြင်းဘေး** ဖြစ်စဉ်ကို အဓိကထား စဉ်းစားထားသည်။ ထို့အပြင် မင်းပြားမြို့နယ်၏ အမြင့်ပိုင်းနေရာတွင် မိုးရွာသွန်းမှု များပြားလျှင် မြစ်ချောင်းများသို့ မိုးရေများ စီးဝင်ခြင်းကြောင့် အနိမ့်ပိုင်းနှင့် ဆက်စပ်နေရာများတွင် ရေလွှမ်းမိုးခြင်းဖြစ်ပေါ်သည်။

ထိခိုက်ခံရလွယ်မှု အဆင့်သတ်မှတ်ရာတွင် မြို့နယ်အတွင်းကျရောက်နိုင်ခြေရှိသော အန္တရာယ်အမျိုးအစား အလိုက် လူမှုရေးဆိုင်ရာကဏ္ဍနှင့် ထိခိုက်ခံရနိုင်ခြေ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍစသည်ဖြင့် ကဏ္ဍအလိုက်မူတည်၍တွက်ချက်သည်။ ထိခိုက်ခံရလွယ်မှုလေ့လာဆန်းစစ်မှုမှ ရရှိလာသော ရလဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ဆိုင်ကလုန်းဘေး (လေတိုက်နှုန်း ၁ နာရီ မိုင် ၁၀၀ အထက်) နှင့် ရေကြီးခြင်းဘေးထိခိုက်ခံရလွယ်မှုပြမြေပုံကို ပုံ (၄) နှင့် (၅)တွင် ဖော်ပြထားသည်။

**အန္တရာယ်အမျိုးအစားအလိုက် ထိခိုက်ခံရလွယ်မှုအဆင့်**

| စဉ် | အန္တရာယ်နှင့် ဖြစ်စဉ် | လူမှုရေး အတိုင်းအတာ | ရုပ်ဝတ္ထုပိုင်း အတိုင်းအတာ | စီးပွားရေးဆုံးရှုံးမှု အတိုင်းအတာ | သဘာဝပတ်ဝန်းကျင် အတိုင်းအတာ | ထိခိုက် လွယ်မှု အခြေအနေ |
|---|---|---|---|---|---|---|
| ၁ | ဆိုင်ကလုန်း မုန်တိုင်းဘေး | | | | | |
| | - လေတိုက်ခတ်နှုန်း- ၁နာရီ မိုင် ၅၀မှ ၁၀၀ ကြား | - အလယ် အလတ် | - အလယ် အလတ် | - အမြင့် | - အနိမ့်ဆုံး | - အမြင့်ဆုံး၊ အလယ်အလတ် |
| | -လေတိုက်ခတ်နှုန်း- ၁နာရီ မိုင် ၁၀၀နှင့် အထက် | - အမြင့်ဆုံး | - အမြင့်ဆုံး | -အမြင့်ဆုံး | - အလယ် အလတ် | - အမြင့်ဆုံး |
| ၂ | ရေကြီးခြင်း | | | | | |
| | -ယခုလက်ရှိ အခြေ အနေ | - အနိမ့်ဆုံး | - အလယ် အလတ် | -အမြင့်ဆုံး | - အနိမ့်ဆုံး | - အမြင့်ဆုံး |
| | -နှစ်(၅၀)တစ်ကျော့ ပြန်ကာလ | - အလယ် အလတ် | - အမြင့်ဆုံး | - အမြင့်ဆုံး | - အမြင့်ဆုံး | - အမြင့်ဆုံး |

ပုံ (၄) မင်းပြားမြို့နယ်၏ ဆိုင်ကလုန်း ထိခိုက်ခံရလွယ်မှုပြမြေပုံ (လေတိုက်နှုန်း တစ်နာရီမိုင် ၁၀၀ အထက်)



## ပုံ (၅) မင်းပြားမြို့နယ်၏ ရေကြီးခြင်းဘေး ထိခိုက်ခံရလွယ်မှုပြမြေပုံ



### ၂.၂.၃ မင်းပြားမြို့နယ်တွင် ရေကြီးခြင်းဘေး (ဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း) ဖြစ်စဉ် ထိခိုက်ခံရလွယ်သော ကျေးရွာစာရင်း

မင်းပြားမြို့နယ်သည် ရပ်ကွက် (၈)ခု၊ ကျေးရွာအုပ်စု(၆၂)အုပ်စုဖြင့် ဖွဲ့စည်းထားပြီး နေထိုင်သူ လူဦးရေ စုစုပေါင်း (၁၉၇၇၄၂)ဦး နေထိုင်သည်။ မင်းပြားမြို့နယ်၏ မြောက်ပိုင်းတွင် ရှိသော ကျေးရွာများသည် လေးမြို့မြစ်နှင့် အခြားသော ချောင်းလက်တက်များကြောင့် ရေကြီးခြင်းဘေး ဖြစ်ပွားနိုင်ခြေများသည်။ အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရေး လုပ်ငန်းအဖွဲ့ဝင်များက မင်းပြားမြို့နယ်တွင် ယခင်ဖြစ်ပွားခဲ့သော ဘေးကျရောက်မှုအခြေအနေ၊ ထိခိုက်ပျက်စီး ဆုံးရှုံးမှု ဖြစ်စဉ်၊ ဒေသတွင်း ဆောက်လုပ်ထားသော အိမ်ခြေများ၏ ဘေးဒဏ်ခံနိုင်မှုစသည့် အတွေ့အကြုံများနှင့် ဒေသန္တရဆိုင်ရာ ကျွမ်းကျင်အဆင့် အသိပညာများအပေါ် အခြေခံကာအောက်တွင်ဖော်ပြထားသောကျေးရွာများကို ဆိုင်ကလုန်းဘေး၏မုန်တိုင်းဒီရေ သက်ရောက်မှုကြောင့် ရေကြီးခြင်းဘေးကျရောက်ခဲ့ပါက ထိခိုက်ခံရလွယ်သောကျေးရွာများအဖြစ် ဖော်ထုတ်ထားသည်။

### ၂.၂.၄ မင်းပြားမြို့နယ် အရေးပေါ်ကာလရွှေ့ပြောင်းနေရာချထားရန်ခိုလှုံရာနေရာ ဖော်ထုတ်ထားရှိမှု

ရေကြီးခြင်းဘေး (ဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးသည်းထန် စွာရွာသွန်းခြင်း) အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်အတွက် ဦးစားပေး တုံ့ပြန်ဆောင်ရွက်ရန် ထိခိုက်ခံရလွယ်သော ကျေးရွာနှင့်သက်ရောက်နိုင်သော လူဦးရေကို မြို့နယ်အဆင့် ဖော်ထုတ်ထားရာ ကျေးရွာ ၅၁ရွာမှ စုစုပေါင်း (၃၅၇၈၀)ဦး ရှိပြီး အသေးစိတ်စာရင်းကို နောက်ဆက်တွဲ(၈)တွင်ဖော်ပြထားသည်။

မင်းပြားမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ပြည်သူများအတွက် ခိုလှုံရာနေရာများကို ကြိုတင်ဖော်ထုတ်သတ်မှတ်ထားပြီး အရေးပေါ်ကာလ ရွှေ့ပြောင်းခိုလှုံရာ အခြေအနေပြမြေပုံကို ပုံ(၇)နှင့် အသေးစိတ်စာရင်းကို နောက်ဆက်တွဲ (၂) တွင်ဖော်ပြထားသည်။ ထို့အပြင် ရေကြီးခြင်း (ဆိုင်ကလုန်းမုန်တိုင်း၁နာရီ မိုင်၁၀၀ နှင့်အထက်ကြောင့်မိုးသည်းထန်စွာရွာသွန်းခြင်း) ဘေးအပြင်၊ စစ်တွေကမ်းရိုးတန်းဘက်မှ ဆိုင်ကလုန်းမုန်တိုင်း ဖြတ်ကျော်ဝင်ရောက်လျှင်လည်းကောင်း၊ ကျောက်ဖြူနှင့် မြေပုံမြို့နယ်များကြားမှ ဆိုင်ကလုန်းမုန်တိုင်း ဖြတ်ကျော်ဝင်ရောက်လျှင်လည်းကောင်း ထိခိုက်ခံရနိုင်ခြေရှိသော ကျေးရွာများနှင့် လူဦးရေစာရင်းကို နောက်ဆက်တွဲ (၇)တွင် ဖော်ထုတ်ထားသည်။

ကျေးရွာအုပ်စုအလိုက် လူဦးရေနှင့် ခိုလှုံရာနေရာလိုအပ်မှုပြမြေပုံကို ပုံ(၆)တွင် ဖော်ပြထားသည်။

ပုံ (၆) မင်းပြားမြို့နယ်အတွင်း ရေကြီးခြင်းဘေး (ဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးများခြင်း) ထိခိုက်ခံရလွယ်မှုများသော ကျေးရွာများနှင့် ခိုလှုံရာနေရာ အနေအထားပြမြေပုံ




Data Source: မြေပုံ - မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (GAD)
ခိုလှုံရာနေရာ - ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (DDM)

## ပုံ (၇) မင်းပြားမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ် ပြောင်းရွှေ့နေရာချထားရန်နှင့် ခိုလှုံရာနေရာများ အခြေအနေပြ မြေပုံ




Data Source: မြေပုံ - မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (GAD)
ခိုလှုံရာနေရာ - ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (DDM)

# အခန်း (၃) အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး အတွက် ကဏ္ဍအသီးသီး ဖွဲ့စည်းပုံ

မင်းပြားမြို့နယ်အတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီနှင့် လုပ်ငန်းများဖော်ဆောင်ရန် ဆပ်ကော်မတီ အသီးသီးကို ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲမှုလုပ်ငန်းတာဝန်သတ်မှတ်ချက်များကို ၂၀၁၇ခုက ရေးဆွဲပုံပိုးခဲ့သော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်တွင် ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းမှသည် ဘေးအန္တရာယ်ကျရောက်နေစဉ်တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ဘေးအန္တရာယ်ကျရောက်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်နှင့် မြို့နယ်၏ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစဉ်များကို ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်နိုင်ရန်အကျုံးဝင်သော စီမံချက်ကိုရေးဆွဲပြီး မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယခုအရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်တွင် အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရာတွင် ဖော်ဆောင်ရမည့် ကဏ္ဍအသီးသီးရှိ လုပ်ငန်းများအတွက် ချိတ်ဆက်ထားရှိမှုနှင့် စံသတ်မှတ်ထားသော လုပ်ငန်းများကို မြို့နယ်အတွင်းရှိသက်ဆိုင်ရာဌာနများအပြင် အခြားသော လူမှုရေး အသင်း အဖွဲ့များအတွက်ပါ ထည့်သွင်းစဉ်းစားထားသည်။

## ၃. ၁ မင်းပြားမြို့နယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် အခန်းကဏ္ဍအလိုက်ဖွဲ့စည်းပုံ

အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေးစီမံချက်တွင် ကြိုတင်သတိပေးချက်ရသည့်အချိန်မှ အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရာတွင် ပြုလုပ်ရမည့် ကဏ္ဍများကို သက်ဆိုင်ရာ ဌာနများနှင့် ဖော်ထုတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး လုပ်ငန်းစဉ်များထိရောက်စွာဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ကဏ္ဍ (၈ခု)အတွက် ဖွဲ့စည်းပုံ၊ ချိတ်ဆက်မှုပြပုံစံ၊ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဌာနများ ချိတ်ဆက်ထားရှိမှုကို ဆွေးနွေး ဖော်ထုတ်ထားသည်။

- ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ
- ကြိုတင်သတိပေးချက်ကဏ္ဍ
- ရှာဖွေကယ်ဆယ်ရေးကဏ္ဍ
- ခိုလှုံရာနေရာ စီမံခန့်ခွဲရေးကဏ္ဍ
- ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ
- ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ
- လုံခြုံရေးကဏ္ဍ
- ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍ

## ၃. ၂ မင်းပြားမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ

မင်းပြားမြို့နယ်တွင် သဘာဝဘေးအန္တရာယ်အရေးပေါ်သတင်းရရှိသည်မှသည် တုံ့ပြန်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများပြုလုပ်နိုင်ရန် မြို့နယ်အတွင်းရှိ ဌာနအကြီးအကဲများ ပါဝင်သောလုပ်ငန်းအဖွဲ့ကို အောက်ဖော်ပြပါအတိုင်း အသစ်ဖွဲ့စည်းထားသည်။ ထိုသက်ဆိုင်ရာ ဌာနများမှတဆင့် မြို့နယ်အတွင်းရှိ မှတ်ပုံတင်ရေးအဆင့်ဆင့်တွင်ဖွဲ့စည်းထားသော အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊

ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊စသည့် အဖွဲ့အစည်းများအပြင် မြို့နယ်အတွင်းရှိ ဌာနအသီးသီးနှင့် ခရိုင်၊ ပြည်နယ်နှင့် ကျေးရွာများအထိ အထက်အောက်ချိတ်ဆက်ရာတွင် လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်သည်။

### ၃. ၂. ၁ မင်းပြားမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဌ |
| ၂ | မြို့နယ်ဦးစီးမှူး | မြို့နယ်လဝကဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | အမှုဆောင်အရာရှိ | မြို့နယ်စည်ပင်ကော်မတီ | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးမှူး | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | လက်ထောက်ညွှန်ကြားရေးမှူး | ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | အဖွဲ့ဝင် |
| ၆ | ကော်မတီဝင် | မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ | အဖွဲ့ဝင် |
| ၇ | ဦးစီးအရာရှိ | မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | မြို့နယ်ပြန်ဆက်ဦးစီးမှူး | မြို့နယ်ပြန်ဆက်ဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | ဥက္ကဌ | မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ | အဖွဲ့ဝင် |
| ၁၀ | မြို့နယ်ဦးစီးအရာရှိ | မြို့နယ် မွေး/ကုဦးစီးဌာန | အဖွဲ့ဝင် |
| ၁၁ | လက်ထောက်ဦးစီး | မြို့နယ်မြေစာရင်းရုံး | အဖွဲ့ဝင် |
| ၁၂ | မီးသတ်ဦးစီးမှူး | မြို့နယ်မီးသတ်တပ်ဖွဲ့ | အဖွဲ့ဝင် |
| ၁၃ | မြို့နယ်ပညာရေးမှူး | ပညာရေးဌာန | အဖွဲ့ဝင် |
| ၁၄ | ဒုတပ်ရင်းမှူး | ကြက်ခြေနီတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၁၅ | မြို့နယ် ကျန်းမာရေးမှူး | မြို့နယ်ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၆ | ဒုဦးစီး | မြို့နယ်ဆည်မြောင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၁၇ | ဦးစီးအရာရှိ | မြို့နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ၁၈ | ဦးစီးမှူး | စားသုံးသူရေးရာဦးစီး ဌာန | အဖွဲ့ဝင် |
| ၁၉ | ဦးစီးမှူး | စက်မှုလယ်ယာ ဦးစီးဌာန | အဖွဲ့ဝင် |
| ၂၀ | ဦးစီးအရာရှိ | သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၂၁ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မင်းပြားမြို့နယ် ရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

## ၃.၂.၂ မင်းပြားမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ချိတ်ဆက်မှုပုံစံ




## ၃.၂.၃ ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနများ ချိတ်ဆက်မှု ပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနနှင့် အဖွဲ့အစည်း |
|---|---|---|
| ၁ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးတွင် အရေးပေါ် ကွပ်ကဲရေး ရုံးဖွင့်လှစ်ခြင်း။ | မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ ဥက္ကဌ/ ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဥက္ကဌ |
| ၂ | အရေးပေါ်အစည်းအဝေးခေါ်ခြင်း | မင်းပြားမြို့နယ်အတွင်းရှိ အစိုးရ ဌာန (၃၆) ဌာနမှ အကြီးအကဲများ၊ မိတ်ဖက် အဖွဲ့အစည်းများ၊ ကြက်ခြေနီ |
| ၃ | သက်ဆိုင်ရာဌာနဆိုင်ရာ၊ ရပ်ကျေးအုပ်စုအုပ်ချုပ်ရေးမှူး၊ အဖွဲ့ အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အထက်-အောက်ချိတ် ဆက်ဆောင်ရွက်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၄ | တိကျမှန်ကန်သောအရေးပေါ်သတင်းအချက်လက်များကိုရယူ ပြီးအထက်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ပြီး အချိန်နှင့်တပြေး ညီတင်ပြလုပ်ဆောင်ခြင်း။ | ပေါင်းစပ်ညှိနှိုင်းမှု ကဏ္ဍမှ အဖွဲ့ဝင်များ အားလုံး |

| | | |
|---|---|---|
| ၅ | စားနပ်ရိက္ခာများ၊ ရေသန့်၊ ဆေးဝါးများ၊ အဝတ်အထည်များ နှင့် လိုအပ်သော အထောက်အကူပစ္စည်းများအား တင်ပြ တောင်းခံပြီး ဆပ်ကော်မတီဝင်များနှင့် ချိတ်ဆက်ဖြန့်ဝေဆောင်ရွက်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီး ဌာန၊ ပေါင်းစပ်ညှိနှိုင်းမှု ကဏ္ဍမှ အဖွဲ့ဝင် ဌာန များအားလုံး |
| ၆ | အလှူရှင်များ NGO၊ INGO များနှင့် လိုအပ်သောပေါင်းစပ် ညှိနှိုင်းမှုများပြုလုပ်ခြင်း၊ မြို့ပေါ်နှင့် ကျေးလက်များရှိ ထောက် ပံ့ပစ္စည်းများ ရရှိနိုင်မည့် ကုန်သည်များ၊ CSO များ၊ မိတ်ဖက် အဖွဲ့အစည်း များနှင့် ပေါင်းစပ်ချိတ်ဆက် ဆောင်ရွက်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ မိတ်ဖက်အဖွဲ့ အစည်းများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှု လုပ်ငန်းကော်မတီ |
| ၇ | ဖော်ထုတ်ထားသော ခိုလှုံရာနေရာများအတိုင်း စနစ်တကျ ရွှေ့ ပြောင်းရန်လမ်းညွှန်ခြင်း (အမိန့်ချမှတ်ခြင်း)။ | မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ပေါင်းစပ်ညှိနှိုင်းမှု ကဏ္ဍမှ - ဥက္ကဌ |
| ၈ | ဒေသတွင်းအရေးပေါ်ကာလ ပံ့ပိုးပေးနိုင်သော အဖွဲ့အစည်း၊ ပစ္စည်းအမျိုးအစား(ဆန်၊ ရိက္ခာ၊ ရေ)နှင့်ထောက်ပံ့ပို့ဆောင် ရေးဆိုင်ရာ လိုအပ်ချက်များကို ဆန်းစစ်ခြင်း။ | အရေးပေါ်ကာလ ထောက်ပံ့ပို့ဆောင် ရေးကဏ္ဍရှိ သက်ဆိုင်ရာဌာနများအား လုံး |
| ၉ | အရေးပေါ်ကာလ အခြေအနေများကို သတင်းထုတ်ပြန်ခြင်း၊ | မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲ မှုလုပ်ငန်းကော်မတီ ဥက္ကဌ |
| ၁၀ | ပြည်တွင်းပြည်ပ အလှူရှင်များ၊ လူမှုဂရုဏာ အဖွဲ့အစည်းများ နှင့် ကြိုတင်ချိတ်ဆက်ခြင်းနှင့် အရေးပေါ်ကာလအတွင်း ရရှိ နိုင်မည့် အင်အားကို ညှိနှိုင်းခြင်း။ | ပေါင်းစပ်ညှိနှိုင်းရေး ကဏ္ဍရှိ သက်ဆိုင် ရာ ဌာနများ |

## ၃. ၃ မင်းပြားမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ

မင်းပြားမြို့နယ်သည် ပုံမှန် မိုးရွာသွန်းမှုထက် ပိုများ ပါက မြစ်ရေကြီးနိုင်ခြင်း၊ လေဖိအားနည်းရပ်ဝန်းအဆင့်တွင်ပင် မိုးများခြင်းကြောင့် ရေကြီးခြင်းဘေးဖြစ်ပေါ်နိုင်ခြင်းကြောင့် ပြည်သူများ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်၊ ခိုလှုံရာနေရာသို့ အချိန်မီရွှေ့ပြောင်းနိုင်ရန် စသည့် လုပ်ငန်းစဉ်များနှင့် အရေးပေါ်ကာလ လိုအပ်သော သတင်း ထုတ်ပြန်ခြင်းများ ပြုလုပ်ရန် ကြိုတင်အသိပေးချက် ကဏ္ဍအတွက် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။

### ၃. ၃. ၁ မင်းပြားမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | အမည် | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဌ |
| ၂ | စာတိုက်မှူး | မြန်မာ့စာတိုက်လုပ်ငန်း | အဖွဲ့ဝင် |
| ၃ | တာဝန်ခံ | ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၄ | ကော်မတီဝင် | မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၅ | ကော်မတီဝင် | မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| ၆ | ဒုမြို့နယ်ပညာရေးမှူး | မြို့နယ်ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးမှူး | မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးစီးမှူး | မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

## ၃. ၃. ၂ မင်းပြားမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ ချိတ်ဆက်မှုပုံစံ



### ၃.၃.၃ ကြိုတင်သတိပေးချက်ကဏ္ဍ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနများ ချိတ်ဆက်ခြင်းပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်သည့်အဖွဲ့အစည်း |
|---|---|---|
| ၁ | မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှသတင်းအချက်လက်များကိုရယူဆောင်ရွက်ခြင်း။ မြစ်ရေကြီးခြင်းအခြေအနေ (Alert) သတိပေးချက်ရယူခြင်းနှင့် ဆိုင်ကလုန်းကြိုတင်သတိပေးချက် ရယူခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြိုတင်သတိပေးချက် ကဏ္ဍရှိ သက်ဆိုင်ရာဌာနများ |
| ၂ | အရေးပေါ်အခြေအနေတွင်ကြိုတင်သတိပေးချက်များ ဆောင်ရွက်နိုင်ရန်ထုတ်ပြန်ချက်များပေးခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၃ | ပြည်သူလူထုများအား အရေးပေါ်သတင်းနှင့် ကြိုတင်သတိပေးချက်များရရှိနိုင်ရန် မြို့ပေါ်ရှိရပ်ကွက်များတွင် ဆော်ဩကြေငြာခြင်းများပြုလုပ် ဆောင်ရွက်ခြင်း။ | ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီ ကြိုတင်သတိပေးချက်ကဏ္ဍရှိ သက်ဆိုင်ရာဌာနများ |
| ၄ | ကျေးရွာနှင့် ကျေးရွာအုပ်စုများအား ကြိုတင်သတိပေးချက်စနစ်များ ရရှိစေရန် သတင်းအချက်လက်များအားလူဖြင့်၊ Viber, ဖုန်းများဖြင့် သတင်းအချက်အလက်များအား အသိပေးနှိုးဆော်ပေးခြင်း။ | ကြိုတင်သတိပေးချက် ကဏ္ဍရှိ သက်ဆိုင်ရာဌာနများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရပ်ကျေးစာရေး |
| ၅ | ကနဦးလိုအပ်ချက် ဆန်းစစ်မှုအရ လိုအပ်ချက်များကို သက်ဆိုင်ရာ အထက်သို့ တင်ပြခြင်း (အရေးပေါ် ရိက္ခာစသဖြင့်)နှင့် အတည်ပြုပြီးသောပျက်စီးဆုံးရှုံးမှု စာရင်း များကို ပြည်သူလူထုများသိရှိနိုင်ရန် သတင်းများ ထုတ်လွှင့်ခြင်း၊ | ပေါင်းစပ်ညှိနှိုင်းရေး ကဏ္ဍရှိ သက်ဆိုင်ရာဌာနနှင့် ကြိုတင်သတိပေးချက် ကဏ္ဍရှိ သက်ဆိုင်ရာဌာနများ |
| ၆ | ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရလွယ်သော ဦးစားပေးကျေးရွာများတွင်ကြိုတင်ဖော်ထုတ်ထားသောခိုလှုံရာနေရာများကို ပြည်သူလူထုသိရှိအောင်သတင်း ထုတ်ပြန် ပေးခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ |
| ၇ | ပြည်နယ် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မင်းပြားမြို့နယ် မိုးလေဝသတိုင်းတာရေး ယာယီ ကိရိယာဝန်းခြံနှင့် Tele Metary မြစ်ရေတိုင်းတာမှု Alert ကြိုတင်သတိပေးချက်အား ပုံမှန်ရယူခြင်း။ | ပြည်နယ် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန နှင့် ကြိုတင်သတိပေးချက် ကဏ္ဍမှအဖွဲ့ဝင်များ |
| ၈ | ဘေးအန္တရာယ် ကျရောက်မှု အခြေအနေနှင့် တုံ့ပြန်ဆောင်ရွက်မှုအတိုင်းအတာကို သတင်းထုတ်ပြန်ခြင်း | ပေါင်းစပ်ညှိနှိုင်းရေး ကဏ္ဍရှိ သက်ဆိုင်ရာဌာနနှင့် ကြိုတင်သတိပေးချက် ကဏ္ဍမှ အဖွဲ့ဝင်ဌာနများ |

## ၃. ၄ မင်းပြားမြို့နယ် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ

ရှာဖွေကယ်ဆယ်ရေးကဏ္ဍအတွက် မင်းပြားမြို့နယ်တွင် ဌာနဆိုင်ရာများနှင့် ဖွဲ့စည်းထားရှိသာမက ဘေးအန္တရာယ် အမျိုးမျိုးအတွက် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ရည်ရွယ်ချက်ဖြင့် ဒေသတွင်းရှိစေတနာ့ဝန်ထမ်း လူငယ်များ၊ လူမှုရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားသောသူများနှင့် အရံမီးသတ်၊ ကျေးရွာရှိ လူငယ်ကြက်ခြေနီ စသည်တို့ပါဝင်သော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့ (Rapid Response Team) ဖွဲ့စည်းထားရန် အကြံပြုပြီး ရှာဖွေကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများစီမံဆောင်ရွက်ရန် အောက်တွင်ဖော်ပြထားသော ဌာနများဖြင့် ဖွဲ့စည်းထား သည်။

### ၃. ၄. ၁ မင်းပြားမြို့နယ် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | အမည် | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | ဦးစီးမှူး | မြို့နယ်မီးသတ်ဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | စခန်းမှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၃ | ကျန်းမာရေးမှူး | မြို့နယ်ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | ဒု-ဦးစီး | မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | အရံမီးသတ်တပ်ဖွဲ့မှူး | အရံမီးသတ်တပ်ဖွဲ့ | အဖွဲ့ဝင် |
| ၆ | တပ်ခွဲမှူး (၁) | မြို့နယ်ကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| ၇ | အင်ဂျင်နီယာ | မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| ၈ | အင်ဂျင်နီယာ | မြို့နယ်လမ်းဦးစီးဌာန | အင်ဂျင်နီယာ |
| ၉ | ဒုဦးစီး | မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |

### ၃. ၄. ၂ မင်းပြားမြို့နယ် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ ချိတ်ဆက်မှုပုံစံ



### ၃.၄.၃ ရှာဖွေကယ်ဆယ်ရေးကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနများ ချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်းအထည်ဖော်ဆောင်ရွက်သည့် ဌာန |
|---|---|---|
| ၁ | ခိုလှုံရာနေရာများ ဖော်ထုတ်ပြုစုထားရန်၊ (ရပ်ရွာလူထုနှင့် တရိစ္ဆာန်များ) | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကျေးစာရေး၊ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ |
| ၂ | ခိုလှုံရာနေရာများကို ရပ်ရွာလူထုသိရှိအောင် အသိပေးထားခြင်း | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်နှင့် ကျေးရွာအုပ်စုစာရေး၊ ကြက်ခြေနီ၊ မီးသတ်၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကြိုတင်သတိပေးချက်ကဏ္ဍမှ အဖွဲ့ဝင်များ |
| ၃ | ပြေးလမ်းကြောင်းများဖော်ထုတ်ခြင်း၊ ရေလမ်း၊ ကုန်းလမ်းနှင့် အရံလမ်းများ ဖော်ထုတ်စာရင်းပြုစုခြင်း | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးရွာအုပ်စုစာရေး၊ ကြက်ခြေနီ၊ မီးသတ်၊ မြို့နယ်ရဲတပ်ဖွဲ့ |
| ၄ | အရေးပေါ်သတင်းများရရှိပြီးနောက်ထိခိုက်ခံရလွယ်အုပ်စု (မသန်စွမ်းသူ၊ကိုယ်ဝန်ဆောင်အုပ်စု၊ သက်ကြီးရွယ်အို၊ ကလေးသူငယ်များ)အား ခိုလှုံရာနေရာများသို့ ရွှေ့ပြောင်းခြင်း | မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၊ CSO |
| ၅ | ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ခိုလှုံရာနေရာ စုရပ်များသတ်မှတ်ပေးခြင်း | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ ခိုလှုံရာနေရာ စီမံခန့်ခွဲရေးကော်မတီ |
| ၆ | ဘေးကျရောက်နေသောနေရာများသို့သွားလာရေးအဆင်ပြေစေနိုင်ရန်အတွက်အချက်ပြအလံများစိုက်ထူထားခြင်း | မီးသတ်တပ်ဖွဲ့၊စည်ပင်သာယာရေးကော်မတီ၊ လမ်းဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူး |
| ၇ | ရေစီးပြင်းထန်သောနေရာများတွင်သွားလာရေးအဆင်ပြေစေနိုင်ရန် ကြိုးတန်းများသွယ်တန်း ထားရှိဆောင်ရွက်ခြင်း | ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၊ CSO |
| ၈ | အရေးပေါ်ကျရောက်သော နေရာများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အခြားသော လုပ်ငန်းကဏ္ဍများဖြစ်သော ထောက်ပံ့ပို့ဆောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ တို့နှင့် ပေါင်းစပ်ခြင်း | မီးသတ်တပ်ဖွဲ့၊စည်ပင်သာယာရေးကော်မတီ၊ ရဲတပ်ဖွဲ့၊ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကြက်ခြေနီ |
| ၉ | ထူးခြားဖြစ်စဉ်သတင်းများကို အခြားဆပ်ကော်မတီဝင်များ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ကျေးရွာ အုပ်ချုပ်ရေးမှူး |

| | | |
|---|---|---|
| ၁၀ | ဒဏ်ရာရရှိသောသူများအား ကျန်မာရေးစောင့်ရှောက်မှု ကော်မတီဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး အရေးပေါ် ကျန်မာရေးဌာနသို့ ပို့ဆောင်ခြင်း | မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ CSO၊ ကျန်မာရေး ဆပ်ကော်မတီ ။ |
| ၁၁ | လူအသေအပျောက်များ၊ပျက်စီးနေသောနေရာ၊ ရေတွင်း၊ ရေကန်၊ လမ်းတံတား၊ သစ်ပင်များအား ရှင်းလင်းပေးခြင်း | မီးသတ်တပ်ဖွဲ့၊ စည်ပင်၊ ရဲတပ်ဖွဲ့၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ကြက်ခြေနီ၊ မြို့နယ်အထွေ ထွေ အုပ်ချုပ်ရေးဦးစီးဌာန |

## ၃. ၅ မင်းပြားမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ

မင်းပြားမြို့နယ်တွင် ရေကြီးခြင်းဘေးကြောင့် ဘေးသင့်ပြည်သူများ ခိုလှုံရာနေရာများသို့ ပြောင်းရွှေ့ခိုလှုံစဉ်ကာလ ခိုလှုံရာနေရာအသီးသီးတွင် စီမံခန့်ခွဲရမည့် လုပ်ငန်းစဉ်များဖြစ်သော စားရေရိက္ခာဖြန့်ဖြူးခြင်း၊ ရေနှင့် ပတ်ဝန်း ကျင်သန့်ရှင်းအောင်ပြုလုပ်ခြင်း၊ နောက်ဆက်တွဲ ကပ်ဘေးဆိုးများ မဖြစ်ပွားအောင် အသိပညာပေးခြင်း၊ ထိခိုက် ခံရလွယ်အုပ်စုများကို အကာအကွယ်ပေးခြင်း၊ ယာယီခိုလှုံရာနေရာများနှင့် ယာယီစာသင်ကျောင်းများအတွက် စီမံ ခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေခြင်း၊ စသည့်လုပ်ငန်းများ ပံ့ပိုးနိုင်ရန် ခိုလှုံရာနေရာ စီမံခန့်ခွဲရေးအတွက် အောက်ဖော်ပြပါလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။

### ၃. ၅. ၁ မင်းပြားမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | အမည် | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | ဦးစီးအရာရှိ | မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဥက္ကဌ |
| ၂ | အင်ဂျင်နီယာ | မြို့နယ် စည်ပင်သာယာရေးအဖွဲ့ | အတွင်းရေးမှူး |
| ၃ | ဦးစီးအရာရှိ | မြို့နယ်သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | ဦးစီးအရာရှိ | မြို့နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ | မြို့နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၆ | တာဝန်ခံ | မြို့နယ်စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဒုဦးစီး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | မြို့နယ်ကျန်းမာရေးမှူး | ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | ဦးစီးအရာရှိ | လဝက ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၀ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၁၁ | မီးသတ်ဦးစီးမှူး | မြို့နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၂ | ဦးစီးအရာရှိ | သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၃ | မြို့နယ်ပညာရေးမှူး | ပညာရေးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၁၄ | | ကျေးလက်လမ်းဦးစီးဌာန | အဖွဲ့ဝင် |

### ၃. ၅. ၂ မင်းပြားမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ချိတ်ဆက်မှု ပုံစံ



### ၃.၅.၃ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာန |
|---|---|---|
| ၁ | မြို့ပေါ် ရပ်ကွက်နှင့်ကျေးရွာများအလိုက် ခိုလှုံရာ နေရာများ ဖော်ထုတ်ထားရှိရန်နှင့် သတင်းအချက်အလက်များ ရှာဖွေစုဆောင်းမှုများ ပြုလုပ်ဆောင်ရွက်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာသနာထွန်းကားပြန့်ပွားရေးရဲတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ စည်ပင် |
| ၂ | ခိုလှုံရာနေရာများတွင် ရေနှင့်ပတ်ဝန်းကျင်ရရှိရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း။ ယာယီပညာသင်ကြားရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း။ ရေကြီးခြင်းဘေး၏နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်ပွားအောင် အသိပညာပေးခြင်း။ | ကျန်းမာရေး၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန |
| ၃ | မိသားစုပြန်လည်ပေါင်းစည်းရေးလုပ်ဆောင်ရန် အခြားသောကဏ္ဍများ ဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် လုံခြုံရေးကဏ္ဍနှင့် ချိတ်ဆက်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ စည်ပင် |
| ၄ | ခိုလှုံရာနေရာရှိထိခိုက်ခံရလွယ်သောအုပ်စုဖြစ်သောမသန်စွမ်း၊ သက်ကြီးရွယ်အို၊မွေးကင်းစမိခင်၊ကိုယ်ဝန်ဆောင်၊ကလေးများအားပံ့ပိုးဆောင်ရွက်ရန်ဆောင်ရွက်ရန်နှင့် ၄င်းတို့အားကာကွယ်စောင့်ရှောက်ခြင်း။ | ကျန်းမာရေး၊ ကြက်ခြေနီ၊ မီးသတ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန |
| ၅ | မှတ်ပုံတင်စာရင်းသွင်းခြင်းပြုလုပ်ရန်၊ ပုံစံများကြိုတင်ဖော်ထုတ်ထားခြင်း။ | လဝက၊လူမှုဝန်ထမ်းဦးစီးဌာန၊ ထွေအုပ်၊ ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး |
| ၆ | ဘေးသင့်ပြည်သူများ၏ ကနဦးလိုအပ်ချက်များ လေ့လာဆန်းစစ် မှုပြုလုပ်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန |
| ၇ | ယာယီခိုလှုံနေရာများဖော်ထုတ်ခြင်းနှင့် ယာယီခိုရာများဆောက်လုပ်နိုင်ရန် တာပေါ်လင်များနှင့် လိုအပ်သောပစ္စည်းများစီစဉ်ထားရှိခြင်း။ | မြို့နယ်အထွေထွေအုပ်ဌာချုပ်ရေးဦးစီးဌာန၊ သာသနာရေးဦးစီးဌာန၊ ဘုန်းတော်ကြီးသင်ပညာရေး၊ ပညာရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန |
| ၈ | အစားအစာ၊ အစားအစာမဟုတ်သောပစ္စည်း၊ ကယ်ဆယ်ရေးသုံးပစ္စည်းများကို ခိုလှုံနေသောဘေးသင့်ပြည်သူများအား စနစ်တကျဖြန့်ဝေခြင်း။ | ကြက်ခြေနီ၊ ထွေအုပ်၊ မီးသတ်၊ ခိုလှုံရာနေရာစီမံခန့်ခွဲမှု ကဏ္ဍရှိဌာနများနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ |

## ၃. ၆ မင်းပြားမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ

မင်းပြားမြို့နယ်အတွင်း ဘေးအန္တရာယ်ကျရောက်စဉ်ကာလ ထိခိုက်ဒဏ်ရာရသူများအား ညွှန်းပို့ခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ နောက်ဆက်တွဲရောဂါများ မဖြစ်ပွားအောင်တားဆီးခြင်း၊ နာတာရှည် ဝေဒနာ ခံစားနေရသူများအတွက် စီစဉ်ခြင်း စသည့်လုပ်ငန်းစဉ်များဆောင်ရွက်ရန် အောက်တွင်ဖော်ပြပါ ဌာနများဖြင့် ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။

### ၃. ၆. ၁ မင်းပြားမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | အမည် | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်ဆရာဝန် | မြို့နယ်ကုသရေးဦးစီးဌာန | ဥက္ကဌ |
| ၂ | ကျေးလက်ကျန်းမာရေးမှူး | မြို့နယ်ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | ကျေးလက်ကျန်းမာရေးဆရာ/မ | ကျေးလက်ကျန်းမာရေးဌာန | အဖွဲ့ဝင် |
| ၄ | သားဖွားဆရာမ | ကျေးလက်ကျန်းမာရေးဌာနခွဲ | အဖွဲ့ဝင် |
| ၅ | တပ်ခွဲမှူး (၂) | မြို့နယ်ကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| ၆ | မြို့နယ်တိုင်းရင်းဆေးမှူး | မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန | အတွင်းရေးမှူး |

### ၃. ၆. ၂ မင်းပြားမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ချိတ်ဆက်မှု ပုံစံ




### ၃. ၆. ၃ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ ချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်သည့်ဌာန |
|---|---|---|
| ၁ | မင်းပြားမြို့ရှိကျေးလက်ကျန်းမာရေးဌာန(၇)ခုနှင့် ကျန်းမာရေးဌာနခွဲ (၂၉)ခု တို့တွင် အရေးပေါ် ဆေးဝါးပစ္စည်းများ စုဆောင်းထားရှိခြင်း။ | ကျေးလက်ကျန်းမာရေးဌာန၊ မြို့နယ်ကျန်းမာရေးအဖွဲ့၊ တိုင်းရင်းဆေး ဦးစီးဌာန |
| ၂ | ဆေးခန်းဖွင့်လှစ်ရန်အတွက်မင်းပြားမြို့ပေါ်ဘုန်းတော်ကြီး ကျောင်း(၉)ကျောင်းနှင့်ပေါင်းပြီး ကျေးရွာ (၅၄) ရွာတွင် စီမံဆောင်ရွက်ထားရှိမှုများ ပြုလုပ်ဆောင်ရွက်ခြင်း။ | ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုဦးစီးဌာန၊ ကြက်ခြေနီ |

| | | |
|---|---|---|
| ၃ | ဘေးသင့်လူနာများအား အရေးပေါ်ကျန်းမာရေး စောင့် ရှောက်မှုပေးခြင်းနှင့်ရေးကြီးလူနာများအား မြို့ပေါ်သို့ လွှဲပြောင်းခြင်း၊ အရေးပေါ်ကျန်းမာ ရေးဝန်ဆောင်မှု ဌာနများဖွင့်လှစ်ခြင်း။ | ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီး ဌာန၊ ကြက်ခြေနီ၊ မြို့နယ်ပရဟိတ အဖွဲ့အစည်းများ |
| ၄ | နောက်ဆက်တွဲရောဂါများ (ကူးစက်ရောဂါ) တား ဆီးနိုင်ရန် ရန်ဆောင်ရွက်ခြင်း (ဆေးခတ်ခြင်း၊ ယာယီအိမ်သာများတည်ဆောက် ပေးခြင်း)၊ အစားအစာနှင့်တစ်ကိုယ်ရေသန့်ရှင်းရေး စသည့် လုပ်ငန်းများအားတစ်ဦးချင်း နှင့် အဖွဲ့ လိုက်ကျန်း မာရေး အသိပညာ ပေးခြင်းများပြုလုပ်ခြင်း။ | ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန |
| ၅ | ဘေးအန္တရာယ်ကြောင့်စိတ်ပိုင်းဆိုင်ရာထိခိုက်ခံ စားရသော ဘေးသင့်ပြည်သူများအား စိတ်ပိုင်း ဆိုင်ရာ မြှင့်တင်ပေးခြင်းများကိုဆောင်ရွက်ခြင်း။ | ကျန်းမာရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကြက်ခြေနီ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်း၊ ရွှေမင်းသားဖောင်ဒေးရှင်း |
| ၆ | ကျေးရွာ(၅၄)ရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများ တွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေး နိုင်ရန် လိုအပ်သောပစ္စည်း (ဆေးဝါး၊ လူနာထမ်း စင်နှင့်ကျန်မာရေးအသုံးဆောင်များ) လုံလောက် စွာရရှိရန်နှင့် လျာထားချက်အတိုင်းအတာအထိ ဆောင်ရွက် ပေးနိုင်ရန် လိုအပ်သောပေါင်းစပ်မှု များ ပြုလုပ်ထားရှိခြင်း။ | ကျန်မာရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ |
| ၇ | ကျန်းမာရေးကောင်းမွန်စွာနေထိုင်ရန်လိုအပ်သော အသုံးအဆောင်ပစ္စည်းများနှင့် အဟာရချို့တဲ့ခြင်း မဖြစ်ပေါ်စေရေး အစားအသောက်များအား ကြိုး ကြပ်ဆောင်ရွက်သွားခြင်း။ | ကျန်မာရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုဂရုဏာအသင်းအဖွဲ့များ - ကြက်ခြေနီ၊ သွေးအလှူ ရှင်များအသင်း၊ ကျိန်းရိပ်ဂရုဏာ |

## ၃. ၇ မင်းပြားမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ

ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ်များဖြစ်သော စားရေရိက္ခာ၊ ဆေးဝါး၊ အဝတ်အထည်၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ယာယီခိုလှုံရာပစ္စည်းစသည်တို့ကို ပို့ဆောင်ပေးခြင်း၊ ပို့ဆောင်ဆက်သွယ်မှုအတွက် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများ ကြိုတင်ဖော်ထုတ်ထားခြင်း၊ ဌာနဆိုင်ရာများ၊ လူမှုဂရုဏာအဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ကြိုတင်ပေါင်းစပ်ထားခြင်း စသောလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ဌာနများဖြင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။

## ၃.၇.၁ မင်းပြားမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ လုပ်ငန်းအတွက် ဖွဲ့စည်းပုံ

| စဉ် | အမည် | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | ဦးစီးအရာရှိ | မြို့နယ်လမ်းဦးစီးဌာန | ဥက္ကဌ |
| ၂ | ဒုဦးစီးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | အင်ဂျင်နီယာ | မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | လ/ထဦးစီးမှူး | ပြည်တွင်းအခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | အင်ဂျင်နီယာ | မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဦးစီးမှူး | စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | တာဝန်ခံ | မြန်မာ့စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဥက္ကဌ | ရေယဉ်အသင်း | အဖွဲ့ဝင် |
| ၉ | မြို့နယ်မှူး | မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၀ | မြို့နယ်ဦးစီးမှူး | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အတွင်းရေးမှူး |

## ၃. ၇. ၂ မင်းပြားမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ



### ၃.၇.၃ မင်းပြားမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်ခြင်းပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်သည့်ဌာန |
|---|---|---|
| ၁ | ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများအဆင်ပြေအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများ ဖော်ထုတ်ထားရှိခြင်းနှင့် အရံ ဆက်သွယ်ရေးလမ်းကြောင်းများ သတ်မှတ်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးစာရေးများ၊ အရပ်ဖက်လူမှုဘက်အဖွဲ့အစည်းများ |
| ၂ | ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်ကား၊ စက်လှေ၊ မော်တော်ဘုတ်များ စာရင်းပြုစု ထားရှိခြင်းနှင့် ပံ့ပိုးနိုင်သောအရင်းအမြစ် (အစိုးရ ဌာန၊ လူမှုဂရုဏာ အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း ရှင်)တို့နှင့်ကြိုတင်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | ရေယာဉ်များအသင်း၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ စည်ပင် |
| ၃ | မြို့နယ်အတွင်းရှိ အနိမ့်ဆုံးတုံ့ပြန်ဆောင်ရွက်ရမည့် ထိခိုက်ခံရလွယ်လူဦးရေများအတွက် လိုအပ်သောအစာခြောက်များ၊ ရေသန့်များတွက်ချက်ရန် စုဆောင်းပြင်ဆင်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ စည်ပင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန၊ |
| ၄ | ဘေးဖြစ်သည့်နေရာများရှိလူဦးရေပေါ်မူတည်ပြီး ပစ္စည်းများသိုလှောင်ထားရှိရန် သိုလှောင်ရုံ လိုအပ်ချက်ဖော်ထုတ်တင်ပြခြင်း။ | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ စည်ပင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန။ |
| ၅ | လိုအပ်သောအရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများရရှိနိုင်ရန် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ထားခြင်း။ | လမ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျန်းမာရေးဦးစီးဌာန |
| ၆ | ထိခိုက်ခံရလွယ်သော သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်၊ မသန်စွမ်း၊ ကလေးသူငယ်များအား ဦးစား ပေးထောက်ပံ့ ကူညီဆောင်ရွက်ပေးခြင်း။ | မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီ၊ စားသုံးသူရေးရာဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန |
| ၇ | သွားလာရခက်ခဲသော ဒေသများ ဝေးလံခေါင်ဖျားဒေသများအတွက် လိုအပ်သောထောက်ပံ့ပစ္စည်းများနှင့် နီးစပ်ရာနေရာများမှ တဆင့်ပေးပို့နိုင်ရေးအတွက်ဆောင်ရွက်ခြင်း။ | မီးသတ်ဦးစီးဌာန ၊ကြက်ခြေနီ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ စည်ပင်၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန |

## ၃. ၈ မင်းပြားမြို့နယ် လုံခြုံရေးကဏ္ဍ

ဘေးကျရောက်ပြီးနောက် ထောက်ပံ့ပို့ဆောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပေါင်းစပ်လျက်လုံခြုံရေး လုပ်ငန်း များဆောင်ရွက်ခြင်း၊ ခိုလှုံရာနေရာများတွင် လူကုန်ကူးခြင်း၊ လူမှောင်ခိုကူးခြင်းမဖြစ်ပွားအောင် ကာကွယ် တားဆီးခြင်းနှင့် လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များဆောင်ရွက်ရန် အောက်ဖော်ပြပါအတိုင်း လုံခြုံရေးကဏ္ဍ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားသည်။

### ၃. ၈. ၁ မင်းပြားမြို့နယ် လုံခြုံရေးကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | အမည် | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဥက္ကဋ္ဌ |
| ၂ | တပ်ခွဲမှူး | မြို့နယ်မီးသတ်တပ်ဖွဲ့ | အဖွဲ့ဝင် |
| ၃ | ဒုဦးစီးမှူး | မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | နယ်မြေရဲကင်းမှူး | မြို့နယ်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၅ | သတင်းထောက်လှမ်းရေး ) | မြန်မာနိုင်ငံရဲသတင်းတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဒုဦးစီးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

### ၃. ၈. ၂ မင်းပြားမြို့နယ် လုံခြုံရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ



## ၃. ၈. ၃ မင်းပြားမြို့နယ် လုံခြုံရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်သည့်ဌာန |
|---|---|---|
| ၁ | ဒေသဆိုင်ရာရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းပြီးသတ်မှတ်ထားသော ခိုလှုံရာနေရာများတွင် လုံခြုံရေးများအထူးကြပ်မတ်ဆောင်ရွက်ခြင်း။ | စုံစမ်းစစ်ဆေးရေးဌာန၊ မြို့နယ်မီးသတ်၊ စေတနာ့ဝန်ထမ်းလုပ်အားပေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျေးရွာတာဝန်ခံ၊ သတင်းတပ်ဖွဲ့ |
| ၂ | ရေဘေးသင့်ဒေသတွင် ခိုလှုံနေသော နေရာအကျယ်အဝန်း/လူဦးရေ အနည်းအများပေါ်မူတည်၍ လုံခြုံရေးအင်အားတိုး၊ လျော့ဆောင်ရွက်သွားခြင်း။ | စုံစမ်းစစ်ဆေးရေးဌာန၊ မြို့နယ်မီးသတ်၊ စေတနာ့ဝန်ထမ်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျေးရွာတာဝန်ခံ၊ သတင်းတာဝန်ခံ |
| ၃ | ရေဘေးသင့်ပြည်သူများ ခိုလှုံရာနေရာများတွင် ခိုက်ရန်ဖြစ်ပွားမှုမရှိစေရေး၊ ပါရှိသောပစ္စည်းဥစ္စာများ မပျောက်ပျက်စေရေး၊ အန္တရာယ်ရှိသော နေရာများသို့မထွက်ခွာစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးရေး၊ ပြင်ပမှမသမာသူများ ဝင်ရောက်လုယက်မှုမရှိစေရေး၊ နေ့ရောညပါ (၂၄) နာရီ ပတ်လုံးကင်းချပြီး ထူးခြားဖြစ်စဉ်များ စောင့်ကြည့်ဆောင်ရွက်ခြင်း။ | စုံစမ်းစစ်ဆေးရေးဌာန၊ မြို့နယ်မီးသတ်၊ ကြက်ခြေနီ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စေတနာ့ဝန်ထမ်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျေးရွာတာဝန်ခံ၊ ကျန်းမာရေးဦးစီးဌာန |
| ၄ | ထူးကဲဒီရေတက်လာမည့် အခြေအနေ၊ ရေတက်လာမည့်အခြေအနေ၊ ရေပြန်ကျလာမည့်အခြေအနေများကို အချိန်ပြည့်စောင့်ကြည့်ပြီး ထူးခြားဖြစ်စဉ်များအား အထက်အဆင့်ဆင့်သို့ သင့်တော်သောဆက်သွယ်ရေး နည်းလမ်းများဖြင့်ဆောင်ရွက်ခြင်း။ | ပြည်သူ့စစ်၊ စေတနာ့ဝန်ထမ်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အရံမီးသတ်၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံ |
| ၅ | ၂၄ နာရီ လုံခြုံရေးနှင့် ထူးကဲဒီရေအခြေအနေကို တာဝန်ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့ငယ်(၃) ဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း။ | ပြည်သူ့စစ်၊ မီးသတ်(အရံ)၊ စေတနာ့ဝန်ထမ်းလုပ်အားပေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ |
| ၆ | လုံခြုံရေးလုပ်ငန်းများ လျှင်မြန်ဆောင်ရွက်နိုင်ရန် အသုံးပြုလိုသည့်ကား၊ စက်လှေ၊ ဆက်သွယ်ရေး ကိရိယာများ၊ စားနပ်ရိက္ခာများ၊ အသက်ကယ်အကျီ၊ အသက်ကယ်ကွင်းများပြင်ဆင်ဆောင်ရွက်ထားရှိခြင်း။ | ပြည်သူ့စစ်၊ မြို့နယ်မီးသတ်၊ စေတနာ့ဝန်ထမ်းလုပ်အားပေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ |
| ၇ | ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များတွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။ | မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန |
| ၈ | ဘေးသင့်ပြည်သူများ ရွှေ့ပြောင်းရာတွင် လုံခြုံရေးဆောင်ရွက်ခြင်း။ | မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ကျေးရွာတာဝန်ခံ |
| ၉ | လူကုန်ကူးမှုလူမှောင်ခိုကူးခြင်းမဖြစ်ပွားအောင်တားဆီးခြင်း။ ခိုလှုံရာနေရာများတွင်ကာကွယ်စောင့်ရှောက်ပေးခြင်း။ | မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ကျေးရွာတာဝန်ခံ |

## ၃. ၉ မင်းပြားမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးလုပ်ငန်းကဏ္ဍ

ဘေးအန္တရာယ်ကျရောက်ပြီးပြီးခြင်း ဘေးသင့်ပြည်သူများ၏ လိုအပ်ချက်ကို ဆောလျင်စွာသိရှိနိုင်ရန် ကနဦးလိုအပ်ချက်ဆန်းစစ်မှုပြုလုပ်ခြင်း၊ သက်ဆိုင်ရာအထက်သို့ တင်ပြခြင်း၊ ပျက်စီးဆုံးရှုံးမှုအချက်အလက်များကို ကောက်ယူစာရင်းပြုစုခြင်း၊ မှတ်တမ်းတင်ခြင်း စသောလုပ်ငန်းစဉ်များ ဖော်ဆောင်ရန် အောက်ဖော်ပြပါ ဌာနများဖြင့် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူရေးကဏ္ဍလုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားသည်။

### ၃. ၉. ၁ မင်းပြားမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးလုပ်ငန်းကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | အမည် | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | လ/ထဦးစီးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | ဦးစီးအရာရှိ | မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | ဒုဦးစီးမှူး | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | ဦးစီးမှူး | မြို့နယ်သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | တောအုပ်ကြီး | မြို့နယ်သစ်တောလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | တာဝန်ခံ | မြို့နယ်စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | လ/ထဦးစီးမှူး | မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | စာရင်းစစ်မှူး | မြို့နယ်စာရင်းစစ်ဦးစီးဌာန | အတွင်းရေးမှူး |
| ၁၀ | ဦးစီးအရာရှိ | လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၁၁ | မြို့နယ်ကျန်းမာရေးမှူး | ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၂ | အမှုဆောင်အရာရှိ | စည်ပင်သာယာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၃ | တာဝန်ခံ | ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၄ | ဦးစီးအရာရှိ | သာသနာရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၅ | မြို့နယ်ပညာရေးမှူး | ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၆ | ဦးစီးမှူး | ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |

## ၃.၉.၂ မင်းပြားမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးလုပ်ငန်းကဏ္ဍ ချိတ်ဆက်မှုပြပုံစံ



၃. ၉. ၃ မင်းပြားမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်သည့်ဌာန |
|---|---|---|
| ၁ | လူဦးရေစာရင်း၊ အိမ်ခြေ၊ အများပိုင် အဆောက်အဦး၊စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သာသနာရေးကဏ္ဍ စသည်ဖြင့် မူလစာရင်းများကောက်ယူထားခြင်း။ | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေး နှင့်အမျိုးသား မှတ်ပုံတင်ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေး နှင့်စာရင်းအင်းဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဌာန၊ စိုက်ပျိုးရေး ဌာန |
| ၂ | အစည်းဝေးများ ပြုလုပ်ဆောင်ရွက်ပြီး သက်ဆိုင်ရာဌာနဆိုင်ရာများအား စာရင်းကောက်ယူရန် တာဝန်ခွဲဝေမှုများ ပြုလုပ်ဆောင်ရွက်ရန်။ | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာန ဆိုင်ရာများ |
| ၃ | ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက် ကောက်ယူသည့်ပုံစံနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု ကနဦး ဆန်းစစ်ချက် (Mobile Application) ကောက်ယူမှုအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် သင်တန်းပို့ချခြင်း။ | မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာန၊ ကျန်းမာရေး ဌာန၊ ပညာရေးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စည်ပင်ကော်မတီ၊ သာသနာရေး ဦးစီးဌာန၊သစ်တောဦးစီးဌာန၊စိုက်ပျိုးရေးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန လျှပ်စစ်ဦးစီးဌာန |
| ၄ | ခိုလှုံရာနေရာတွင်နေထိုင်သောဘေးသင့်ပြည်သူများ လတ်တလော အသက်ရှင်နေထိုင်နိုင်ရန် ကနဦးလိုအပ်ချက်ဆန်းစစ်မှု ပြုလုပ်ခြင်းထိခိုက်ဆုံးရှုံးသောလူအသေအပျောက်၊ ထိခိုက်ဒဏ်ရာရရှိသူများအားစာရင်းများ ကောက်ယူခြင်း၊ ထိခိုက်ဆုံးရှုံးသော ကျွဲ၊ နွား တိရိစ္ဆာန်စာရင်းများ၊ လယ်ယာ၊ မြေ၊ ရေတွင်း၊ ရေကန်ပျက်စီးမှုစာရင်း၊ လမ်း၊ တံတား ပျက်စီးမှု သာသနာ့နိက အဆောက်အဦး၊ စေတီပုထိုး ပျက်စီးဆုံးရှုံးမှုများ စာရင်း ကောက်ယူခြင်း။ စာသင်ကျောင်းပျက်စီးဆုံးရှုံးမှုများနှင့်စာမသင်ကြားနိုင်သော ကျောင်းသား/သူစာရင်းကို ကောက်ယူ ဆောင်ရွက်ခြင်း။ | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာန၊ စီမံကိန်း ဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုး ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ စာရင်းစစ်ဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဦးစီးဌာန၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အရပ်ဖက် အဖွဲ့အစည်း၊ လူမှုဂရုဏာအဖွဲ့အစည်းများ။ |
| ၅ | ကောက်ယူရရှိသောအပျက်အစီးစာရင်းများကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ၊ သက်ဆိုင်ရာဌာနအလိုက်ပေးပို့ပြီး ပြည်နယ်အဆင့်၊ ခရိုင်အဆင့် သတင်းပေးပို့ဆောင်ရွက်ရန်။ | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာနဆိုင်ရာများအားလုံး |

# အခန်း (၄) မင်းပြားမြို့နယ် အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ

## ၄. ၁ အရေးပေါ်ကာလကြိုတင်ပြင်ဆင်ရေး

ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေကြီးခြင်းအတွက် အရေးပေါ်ကာလ ကြိုတင်ပြင်ဆင်ရာတွင် ဘေးအန္တရာယ်ကျရောက်နိုင်သော ကျေးရွာ၊ ထိခိုက်ခံရနိုင်ခြေများသော လူဦးရေစသည့် လေ့လာဆန်းစစ်ချက်များပြုစုခြင်း၊ ဘေးအန္တရာယ်လွတ်ကင်းသည့် ယာယီခိုလှုံရာနေရာများ၊ ဘေးလွတ်ရာနေရာများကို ကြိုတင်စာရင်းပြုစုပြီး ပြေးလမ်းကြောင်းများဖော်ထုတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးအတွက် ယာဉ်၊ ယန္တရား၊ ပစ္စည်း၊ စက်သုံးဆီနှင့် အခြားလိုအပ်သောအရင်းအမြစ်များကို ကြိုတင်စုဆောင်းပြင်ဆင်ခြင်း၊ ရပ်ရွာလူထုများ အချိန်မီရှောင်တိမ်းနိုင်ခြင်းနှင့် ပစ္စည်းဥစ္စာများ၊ ကျွဲနွားတိရစ္ဆာန်များရွှေ့ပြောင်းနိုင်ရန် သတင်းအချက်အလက်နှင့်သတိပေးချက်များထုတ်ပြန်ခြင်း၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများ (အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များ) အားဦးစားပေးစောင့်ရှောက်ခြင်း၊ အရေးပေါ်ကာလ ရှာဖွေကယ်ဆယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် အစမ်းလေ့ကျင့်ခြင်း၊ကယ်ဆယ်ရေးနှင့် အရေးပေါ်အကူအညီ ထောက်ပံ့ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အစိုးရဌာနအချင်းချင်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ထားခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းနှင့် အခြားသော ဆက်နွယ်ပတ်သက်သူများနှင့် ကြိုတင်ညှိနှိုင်းပူးပေါင်းထားခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်များဖော်ထုတ်ထားသည်။ ထို့အပြင် ဘေးကျရောက်ပြီးနောက် (၁၂) နာရီ - (၂၄) နာရီနှင့် (၃၆) နာရီအတွင်း ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်ဆွေးနွေးထားသည်။

## ၄. ၂ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေး

မြန်မာနိုင်ငံတွင် ၂၀၁၃ခု ဇူလိုင်လ (၃၁)ရက်နေ့တွင်ပြဋ္ဌာန်းထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေနှင့် ၂၀၁၅ခုနှစ် ဧပြီလ (၇) ရက်နေ့တွင် ထုတ်ပြန်ထားသော နည်းဥပဒေ ပုဒ်မ (၁၆) ပါ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ချေရှိသည့် ဒေသတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီစသည့် အခြားလူမှု အဖွဲ့အစည်းဝင်များ စုပေါင်းပါဝင်သော အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့ကို ဒေသဆိုင်ရာအရင်းအမြစ် စီမံခန့်ခွဲမှုတို့အပေါ် အခြေခံပြီးဖွဲ့စည်းထားရှိရန် ဖော်ပြထားသည်နှင့်အညီ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီမှ လမ်းညွှန်မှုဖြင့် မင်းပြားမြို့နယ်တွင် အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစိုးရဌာနများနှင့် လူမှုဖက်အဖွဲ့အစည်း၊ လူမှုဂုဏ်ရှိ အဖွဲ့အစည်း၊ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များဖြင့် ဖွဲ့စည်းထားသင့်ကြောင်း အကြံပြုဆွေးနွေးထားသည်။

## ၄. ၃ သဘာဝဘေးကျရောက်နေသည့်အဆင့်တွင် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် သတ်မှတ်ထားရှိချက်

နည်းဥပဒေအပိုဒ် (၃၀)တွင် သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေကို အဆင့်(၅)ဆင့် သတ်မှတ်ထားသည်။

- အရေးပေါ်အခြေအနေအဆင့် (၅) - ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟု ယူဆလျှင်

- အရေးပေါ်အခြေအနေအဆင့် (၄) - မြို့နယ်အဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟု ယူဆလျှင်
- အရေးပေါ်အခြေအနေအဆင့် (၃) - ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသ (သို့မဟုတ်) ခရိုင်အဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟု ယူဆလျှင်
- အရေးပေါ်အခြေအနေအဆင့် (၂) - တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟုယူဆလျှင်
- အရေးပေါ်အခြေအနေအဆင့် (၁) - အမျိုးသားအဆင့်မှ ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်သည်ဟု ယူဆလျှင် ဟု အဆင့် (၅) မှ အဆင့် (၁) အထိ ဖော်ထုတ်ထားသည်။

အရေးပေါ်အဆင့် သတ်မှတ်ရာတွင် အောက်ဖော်ပြပါအချက်များပေါ်မူတည်ပြီး သတ်မှတ်နိုင်သည်။ အရေးပေါ်အခြေအနေအမျိုးအစားများမှာ -

(က) ဒေသတွင်းမှ အခြေအနေကို မိမိအဆင့်ဖြင့် ထိန်းချုပ်ဆောင်ရွက်နိုင်စွမ်းမရှိလျှင် အခြားအထက်အဆင့်အဖွဲ့များ၏ အရေးပေါ်အကူအညီကို တောင်းခံရန်လိုအပ်ခြင်း။

(ခ) အရေးပေါ်အခြေအနေကို တုံ့ပြန်ဆောင်ရွက်ရမည့် အုပ်ချုပ်ရေးဒေသမှာ တစ်ခုထက်ပိုမိုခြင်း။

(ဂ) သဘာဝဘေးအန္တရာယ်နှင့် ယင်း၏ ဆိုးကျိုးသက်ရောက်မှုများသည် အခြားဒေသများသို့ လျင်မြန်စွာ ပျံ့နှံ့နိုင်သည်ဟု ယူဆခြင်းတို့ဖြစ်သည်။

အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရန်မှာ မြို့နယ်အဆင့်ဖြစ်သောကြောင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းကို ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ရပြီး ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်မှုနှင့် ကနဦးဆန်းစစ်ချက် (ဘေးသင့်ဒေသ၊ ထိခိုက်ခံရသူ၊ အရေအတွက်၊ အခြေခံအဆောက်အဦး နှင့်အခြား ပျက်စီးမှုများ၊ ပြည်သူ့ဝန်ဆောင်မှုနှင့် အစိုးရ လုပ်ငန်းနှောင့်နှေးမှု)နှင့် ဘေးအန္တရာယ်ဖြစ်ပွားမှု အခြေအနေများကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်းနှင့် ထိန်းချုပ်မှုထက်ကျော်လွန်သည်ဟု ယူဆပါက ခရိုင်စီမံခန့်ခွဲမှုအဖွဲ့ထံမှ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအတွက် ပံ့ပိုးနိုင်ရန် အကူအညီတောင်းခံရမည်ဖြစ်သည်။

မင်းပြားမြို့နယ်တွင် ရေကြီးခြင်းဘေး (ဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှု) ဖြစ်စဉ်အတွက် ဆိုင်ကလုန်းသတင်းနှင့် သတိပေးချက် ထုတ်ပြန်ချက်နှင့် မြစ်ရေကြီးခြင်း သတိပေးချက်ရရှိချိန်မှ စတင်ပြီး အရေး ပေါ်ကာလကြိုတင်ပြင်ဆင်ခြင်းမှသည့် တုံ့ပြန်ဆောင်ရွက်ရာတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် စံသတ်မှတ်ထားသော အရေးပေါ် တုံ့ပြန်ဆောင်ရွက်လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍ အသီးသီးအတွက် ဖော်ထုတ်ရေးဆွဲထားသည်။

## ၄. ၄ မင်းပြားမြို့နယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးကဏ္ဍ အသီးသီးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ

### ၄. ၄. ၁ မင်းပြားမြို့နယ်ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | အရေးပေါ်စီမံခန့်ခွဲရေးစင်တာ အားမြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး တွင်ဖွင့်လှစ် ခြင်း | ❖ အရေးပေါ်အစည်းဝေးများအားအချိန်နှင့် တပြေးညီပြုလုပ်ဆောင်ရွက်ခြင်း။<br>❖ မြို့နယ်အရေးပေါ်စီမံခန့်ခွဲရေးစင်တာမှ ခရိုင်ရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် အဆက်အသွယ်မပြတ်အောင် ဆောင်ရွက်ခြင်း။<br>❖ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးမှ ဦးဆောင်ပြီးပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍတွင် ပါဝင်သော ဌာန (၂၂)ဌာနနှင့် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့တို့ နှင့် ပူးပေါင်းကာ တာဝန်များခွဲဝေခြင်း။<br>❖ ပြည်နယ်၊ခရိုင်များနှင့်ချိတ်ဆက်ခြင်း။ | မြစ်ရေကြီးခြင်းစိုးရိမ်ရေအမှတ်သို့ မရောက်ရှိမီနှင့် မြစ်ရေစိုးရိမ်ရေအမှတ်သို့ ရောက်ရှိပြီး ၂၄နာရီ အတွင်း၊ ဆိုင်ကလုန်း မုန်တိုင်း သတင်းနှင့် အသိပေးချက်ရပြီး (အဝါနှင့် လိမ္မော်ရောင်) | မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ-ပေါင်းစပ်ညှိနှိုင်းမှု ကော်မတီ ဥက္ကဋ္ဌ | ❖ အရေးပေါ်ဆက်သွယ်ရမည့်သူများ၏ ဖုန်းနံပါတ်<br>❖ Viber Group<br>❖ Icon<br>❖ Drone | ❖ မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်ဌာနများ<br>❖ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန<br>❖ မိတ်ဖက်အဖွဲ့အစည်း<br>❖ လူမှုဂရုဏာအဖွဲ့များ၊ |
| ၂ | တိကျမှန်ကန်သောသတင်းအချက်အလက်များ ရရှိ အောင် ဆောင်ရွက်ခြင်း နှင့် မြေပြင်အခြေ | ❖ ခရိုင်၊ ပြည်နယ်သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် ချိတ်ဆက်ပြီး ဆိုင်ကလုန်းမုန်တိုင်းသတင်း၊ သတိပေးချက်နှင့်ရေကြီးခြင်းဘေးသတင်းအချက်အလက်များရယူခြင်း | လေဖိအားနည်းရပ်ဝန်းအဝါ၊ လိမ္မော်ရောင်နှင့် အနီရောင် ကြိုတင်သတိပေးချက် အဆင့်ဆင့် | မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ-ပေါင်းစပ်ညှိနှိုင်းမှု ကော်မတီ ဥက္ကဋ္ဌ | ❖ အရေးပေါ်ဆက်သွယ်ရ မည့်သူများ၏ ဖုန်းနံပါတ်<br>❖ ဦးစားပေးရွှေ့ပြောင်းရမည့် အုပ်စုစာရင်း | ❖ ပေါင်းစပ်ညှိနှိုင်းရေး ကဏ္ဍနှင့် ကြိုတင်သတိပေးမှု ကဏ္ဍတွင် ပါဝင်သော ဌာနများ |

| | | | | | | |
|---|---|---|---|---|---|---|
| | အနေ များအားသက်ဆိုင်ရာ အထက်အဖွဲ့အစည်းများသို့ အချိန်နှင့်တပြေးညီတင်ပြခြင်း | ❖ ပြည်နယ် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာန ရှိ EOC နှင့် ပြည်နယ်မိုးဇလမှ သတင်းများ ရယူခြင်းဆောင်ရွက် ခြင်း<br>❖ ရပ်ကျေးအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်လည်းအထက်အောက်အပြန်အလှန်ချိတ် ဆက်ထားခြင်း။<br>❖ အချိန်နှင့်တပြေးညီသတင်းအချက်အလက်များအား ဖုန်း၊ viber group, Icom များဖြင့်ဆက်သွယ်ရန်လမ်းညွှန်ခြင်း | စိုးရိမ်ရေအမှတ်သို့ မရောက်မီ၊<br>စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနေစဉ်၊<br>စိုးရိမ်ရေအမှတ်သို့ ကျော်လွန်ပြီးနောက် | | ❖ Viber Group | အားလုံး နှင့်<br>❖ ကျေးရွာအုပ်ချုပ်ရေးမှူး များ၊<br>❖ ရပ်ကျေးစာရေးများ<br>❖ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>❖ လူမှုဂရုဏာအဖွဲ့အစည်းများ၊ |
| ၃ | အလှူရှင်များရရှိအောင်ဆောင်ရွက်ခြင်း | ❖ မြို့၊ ကျေးလက်နှင့်အခြားမြို့နယ်များမှ ထောက်ပံ့ပစ္စည်းများရရှိနိုင်မည့် ကုန်သည်များ၊ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။<br>❖ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းကာအလှူငွေများ ထောက်ပံ့ရရှိအောင်ဆောင်ရွက်ခြင်း။<br>❖ မြို့နယ်ရှိဌာနဆိုင်ရာများနှင့်အစည်းအဝေးများပြုလုပ်ပြီးလုပ်ငန်းများညှိနှိုင်းခြင်း<br>❖ Viber, Facebook စသည့်လူမှုကွန်ယက်များအသုံးပြုပြီး ပြည်တွင်း၊ ပြည်ပ | ရေဘေးအန္တရာယ်ကျရောက်နေစဉ်နှင့်ကျရောက်ပြီးနောက် (၂၄)နာရီအတွင်း | မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ-ပေါင်းစပ်ညှိနှိုင်းမှုကော်မတီ ဥက္ကဌ | ❖ ဆက်သွယ်ရမည့်စာရင်းများ<br>❖ ငွေ<br>❖ ဖုန်းနံပါတ်များ | ❖ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>❖ လူမှုရေးအသင်းအဖွဲ့များ<br>❖ မြို့နယ်ကြက်ခြေနီအသင်း<br>❖ အရံမီးသတ်တပ်ဖွဲ့<br>❖ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ<br>❖ စစ်တပ် |

| | | | | | | |
|---|---|---|---|---|---|---|
| | | အလျှုရှင်များနှင့် ချိတ်ဆက်ခြင်း<br>❖ ဘေးလွတ်ကင်းရာမြို့နယ်များမှအကူအညီများရယူခြင်း။ | | | | ❖ မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄ | ဖော်ထုတ်ထားသော ခိုလှုံရာနေရာများအတိုင်း စနစ်တကျရွှေ့ပြောင်းရန်လမ်းညွှန်ခြင်း (အမိန့်ချမှတ်ခြင်း) | ❖ ကြိုတင်ဖော်ထုတ်သတ်မှတ်ထားသော ယာယီခိုလှုံရာနေရာများ၊ တောင်ကုန်းတောင်တန်းများ၊ စသည့်တို့ကို ပြည်သူများ စနစ်တကျရွှေ့ပြောင်းရန် လမ်းညွှန်ခြင်း | ဆိုင်ကလုန်းမုန်တိုင်း နှင့် မြစ်ရေကြီးခြင်း သတိပေးချက်သတင်းရရှိပြီး ၁နာရီအတွင်း | မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ- ပေါင်းစပ်ညှိနှိုင်းမှုကော်မတီ ဥက္ကဋ္ဌ | ❖ ခိုလှုံရာနေရာများ<br>❖ တောင်ကုန်းများ<br>❖ ခိုင်ခန့်သော ဘုန်းကြီးကျောင်း<br>❖ စာသင်ကျောင်းများ၏ စာရင်းများ<br>❖ ထိခိုက်ခံရနိုင်ခြေများသောကျေးရွာစာရင်း<br>❖ Viber Group<br>❖ Icon<br>❖ Drone | ❖ ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍနှင့် ရှာဖွေကယ်ဆယ်ရေးကဏ္ဍမှတွင် ပါဝင်သော ဌာနများအားလုံးနှင့်<br>❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ<br>❖ ရပ်ကျေးစာရေးများ<br>❖ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>❖ လူမှုဂရုဏာအဖွဲ့အစည်းများ၊ |
| ၅ | စားနပ်ရိက္ခာ၊ ရေသန့်၊ ဆေးဝါး၊အဝတ်အထည်နှင့် ထောက်ပံ့ပစ္စည်းများတင်ပြ | ❖ ကနဦးလိုအပ်ချက်ဆန်းစစ်ခြင်းများကို ကျေး ရွာအုပ်ချုပ်ရေးမှူးများနှင့်ချိတ်ဆက်ကာ ကောက်ယူနိုင်ရန် ပေါင်းစပ်ခြင်းနှင့် ကနဦး လိုအပ်မှု ဆန်းစစ်ချက် | ရေဘေးအန္တရာယ်ကျရောက်နေစဉ်နှင့် ကျရောက်ပြီးနောက် | မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ- ပေါင်းစပ်ညှိနှိုင်းမှု | ❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ဖုန်းနံပါတ်<br>❖ စက်လှေ၊ | ❖ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |

| | | | | | | |
|---|---|---|---|---|---|---|
| | တောင်းခံခြင်း | ကို သက်ဆိုင်ရာအထက်သို့တင်ပြခြင်း၊ လိုအပ်သော ထောက်ပံ့ရေးဆိုင်ရာ ပစ္စည်းကိုတင်ပြ တောင်းခံခြင်း | | ကော်မတီ ဥက္ကဌ | ❖ ဘုတ်၊<br>❖ ကား၊<br>❖ ဆိုင်ကယ်၊<br>❖ စက်သုံး ဆီ၊<br>❖ အလုပ်သမား၊<br>❖ ဖြန့်ဖြူးမည့်ပစ္စည်း | ❖ ရပ်ကျေးအုပ်ချုပ်ရေးမှူး<br>❖ CSO<br>❖ ကြက်ခြေနီ |

## ၄. ၄. ၂ မင်းပြားမြို့နယ် ကြိုတင်သတိပေးမှုကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ကြားမှုဦးစီးဌာနမှထုတ်ပြန်သော မုန်တိုင်းသတင်းနှင့် သတိပေး ချက်များကို လက်ခံရယူခြင်းနှင့် မြစ်ရေကြီးခြင်း သတိပေးချက်ကို ရယူခြင်း | ❖ Fax ဖြင့်လက်ခံခြင်း<br>❖ ဖုန်းဖြင့်လက်ခံခြင်း<br>❖ စာဖြင့်လက်ခံခြင်း<br>❖ Viber Group | မုန်တိုင်းသတင်း အဝါရောင်အဆင့် | သတင်းနှင့်ပြန်ကြားရေး ဦးစီး ဌာန၊ မြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန | ❖ ဖုန်းနံပါတ်<br>❖ Viber Group | ❖ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန<br>❖ အရေးပေါ်ကြိုတင်အသိပေးချက်ကဏ္ဍမှ အဖွဲ့ဝင်များ |
| ၂ | မြစ်ရေကြီးခြင်း အခြေအနေ (Alert) သတိပေးချက်ရယူခြင်း | ❖ မြစ်ရေအတက်အကျတိုင်းတာခြင်း<br>❖ မှတ်တမ်းတင်ပြုစုခြင်း<br>❖ အရေးပေါ်ကာလ | နေ့စဉ် (၂) နာရီခြား (၆) ကြိမ်တိုင်းတာခြင်း | ကြိုတင်သတိပေးချက်ကဏ္ဍ ဥက္ကဌ | ❖ အသံချဲ့စက်<br>❖ ဖုန်း၊(viber Group)<br>❖ Icon<br>❖ Hand Speaker | ❖ ပြည်နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>❖ မြောက်ဦးခရိုင်မိုးလေဝသနှင့် ဇလဗေဒညွှန် |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | ကြားမှု ဦးစီးဌာန<br>❖ စိုက်ပျိုးရေးဌာန<br>❖ ဆည်မြောင်းဌာန |
| ၃ | မြို့နယ်အတွင်းရှိပြည်သူလူထုများအား မြစ်ရေကြီးခြင်း အခြေအနေ၊ မုန်တိုင်းသတင်းနှင့် မုန်တိုင်းကြိုတင်သတိပေးချက် ထုတ်ပြန်ခြင်း၊ ဘေးအန္တရာယ်ကျရောက်လွယ်သော နေရာများသို့ ဦးစားပေး သတင်းပေးပို့ခြင်း | ❖ သတင်းများပြန်ကြားပေးရန်နှင့် ဆော်ဩပေးရန်(ရပ်ကွက်၊ ကျေးရွာများနှင့်သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများသို့) သတင်းဖြန့်ဝေဆောင်ရွက်ရန်<br>❖ ကျေးရွာနေ ပြည်သူလူထုများအား ရပ်ကျေးအုပ်ချုပ်ရေးမှူးများမှ အသိပေးနှိုးဆော်ခြင်း<br>❖ ရပ်ကွက်များအား အသံချဲ့စက်များနှင့်နှိုးဆော်အသိပေးခြင်း<br>❖ ဦးစားပေးအုပ်စုစာရင်းကို ရှာဖွေကယ်ဆယ်ရေးမှ ရယူထားခြင်း<br>❖ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို စာရင်းပြုစုခြင်း | မြစ်ရေကြီးခြင်းသတိပေးချက်ရရှိပြီး (၂၄) နာရီ မုန်တိုင်းသတင်း အဝါရောင်အဆင့် (၂၄) နာရီအတွင်း | ❖ သတင်းနှင့်ပြန်ကြားရေးဦးစီးဌာန<br>❖ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>❖ ကြိုတင်သတိပေးချက်ကဏ္ဍမှလုပ်ငန်းအဖွဲ့ဝင်များ | ❖ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ဖုန်း နံပါတ်<br>❖ Viber Group<br>❖ Hand Speaker<br>❖ ဆက်သားစနစ်<br>❖ အသံချဲ့စက် | ❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများ<br>❖ အရေးပေါ်ကြိုတင်အသိပေးချက်ကဏ္ဍမှ အဖွဲ့ဝင်များ<br>❖ လူမှုဂရုဏာနှင့် အရပ်ဖက်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ |
| ၄ | အရေးပေါ်သတင်းထုတ်ပြန်ဆောင်ရွက်ခြင်း | ❖ အရေးပေါ်အစည်းအဝေးပြုလုပ်ဆောင်ရွက်ခြင်း<br>❖ ထိခိုက်ခံရနိုင်ခြေများသော ဦးစားပေးအုပ်စုများနှင့် မြို့နယ်တစ်ခုလုံးအား အရေးပေါ်အခြေအနေကို | လေးမြို့မြစ်၏ စိုးရိမ်ရေအမှတ် ၁မီတာ (၃ပေခန့်) အလို အချိန်နှင့် မုန်တိုင်း သတိပေးချက် အနီရောင်အဆင့် | ❖ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ | ❖ တယ်လီဖုန်း<br>❖ I-com<br>❖ လက်ကိုင်စကားပြောစက် (၁၉)လုံး<br>❖ အသံချဲစက် (၁)ခု | ❖ အရေးပေါ်ကြိုတင်အသိပေးချက်ကဏ္ဍမှ အဖွဲ့ဝင်များ<br>❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ |

| | | | | | | |
|---|---|---|---|---|---|---|
| | | သိရှိအောင် နှိုးဆော်ခြင်း | တစ်နေ့(၅)ကြိမ်သတင်း ထုတ်ပြန် | | | ❖ ရပ်ကျေးစာရေးများ<br>❖ လူမှုရေးအသင်းအဖွဲ့ များ |
| ၆ | ပြည်နယ်မှမုန်တိုင်းသတင်းလက်ခံ ခြင်းနှင့်မုန်တိုင်းဖြတ်ကျော်ဝင် ရောက်ကြောင်းသတင်းထုတ်ပြန် ခြင်း | ❖ ရေဘေးသင့်ပြည်သူများအား ခိုလှုံရာနေရာတွင် ဆက်လက်နေ ထိုင်ရန် လမ်းညွှန်ချက်ပေးခြင်း<br>❖ သတင်းများထုတ်ပြန်ခြင်း၊သတင်း လက်ခံခြင်းနှင့် ပြန်ကြားခြင်း<br>❖ ကျေးရွာနှင့်မြို့ပေါ် ရပ်ကွက်များ တွင်အသံချဲ့စက်များဖြင့် အသိပေး နှိုးဆော်ရန်သတင်းများ စုစည်းခြင်း | အစိမ်းရောင်အဆင့်နှင့် ရေကြီးနေစဉ်ကာလ | ❖ မြို့နယ်သဘာဝဘေး အန္တရာယ် ကော်မတီ ဥက္က႒ | ❖ စက်လှေ<br>❖ I-Com<br>❖ လက်ကိုင်ဖုန်း<br>❖ အသံချဲ့စက်<br>❖ စက်လှေ | ❖ အရေးပေါ်ကြိုတင်အ သိပေးချက်ကဏ္ဍမှ အဖွဲ့ဝင်များ<br>❖ ကျေးရွာအုပ်ချုပ်ရေး မှူးများ၊ ရပ်ကျေးစာရေးများ<br>❖ လူမှုရေးအသင်း အဖွဲ့များ |

## ၄. ၄. ၃ မင်းပြားမြို့နယ်ရှာဖွေကယ်ဆယ်ရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | ရှာဖွေကယ်ဆယ်ရေးလုပ် ငန်းများဆောင်ရွက်နိုင်ရန် အစည်းအဝေးများပြုလုပ် ဆောင်ရွက်ခြင်း | ❖ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ အား စုစည်းဆောင်ရွက်ခြင်း။<br>❖ ကယ်ဆယ်ရေးပစ္စည်းများစုဆောင်း ခြင်း။<br>❖ ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင် နိုင်ရန်စုရပ်နေရာများသတ်မှတ်ခြင်း။ | ဘေးမကျရောက်မီ (လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေချိန် (သို့မဟုတ်) မြစ်ရေကြီးခြင်း သတိပေးချက်ရရှိချိန် (၂၄)နာရီအထိ | မြို့နယ်ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္က႒မှ ဦးဆောင်ခြင်း | ❖ ဖုန်းနံပါတ်<br>❖ လူအင်အား | ❖ ရှာဖွေကယ်ဆယ်ရေး ကဏ္ဍမှ အဖွဲ့ဝင်များ<br>❖ လူမှုအဖွဲ့အစည်းများ<br>❖ ကြက်ခြေနီအသင်းအဖွဲ့ များ |
| ၂ | အရေးပေါ်တုံ့ပြန်ဆောင် ရွက်ရေး (Emergency | ကြိုတင်ဖော်ထုတ်ထားသောခိုလှုံရာ နေရာများကို ထိခိုက်ခံရနိုင်ခြေများ | မုန်တိုင်းဘေး (သို့မဟုတ်) ရေကြီးခြင်းဘေး မကျ | မီးသတ်ဦးစီးဌာန | ❖ ခိုလှုံရာနေရာစာရင်း | ❖ ရှာဖွေကယ်ဆယ်ရေး |

| | | | | | | |
|---|---|---|---|---|---|---|
| | Response Team) အဖွဲ့ဝင်များနှင့်အစည်းအဝေးပြုလုပ်တာဝန်သတ်မှတ်ခြင်း | သော ကျေးရွာများအား အချိန်မီရွှေ့ပြောင်းနိုင်ရန် အသိပေး နှိုးဆော်ခြင်း၊ စီစဉ်ခြင်း။ | ရောက်မီ ၃၆ နာရီအတွင်း မုန်တိုင်းသတိပေးချက် လိမ္မော်ရောင်အဆင့် | | ❖ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး (Emergency Response Team) နှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်<br>❖ Speed Boat<br>❖ Structure<br>❖ အသက်ကယ်အကျီ<br>❖ ကြိုး<br>❖ စက်သုံးဆီ | ကဏ္ဍမှ အဖွဲ့ဝင်များ၊<br>❖ ရပ်မိရပ်ဖများ၊<br>❖ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ |
| ၃ | ပြည်သူများအား ယာယီခိုလှုံရာနေရာသို့ အချိန်မီ ရွှေ့ပြောင်းရန် စီစဉ်ခြင်း (ထိခိုက်ခံရလွယ်ကျေးရွာများနှင့် လူအုပ်စုများ) အပါအဝင် ပြည်သူအားလုံး | ❖ ကြိုတင်ဖော်ထုတ်ထားသောရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ရွှေ့ပြောင်းရန်လမ်းညွှန်ခြင်း။<br>❖ ခိုလှုံရာနေရာ မှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပေါင်းစပ်ခြင်း။ | မုန်တိုင်းဘေး (သို့မဟုတ်) ရေကြီးခြင်းဘေးမကျ ရောက်မီ (၁၂) နာရီအတွင်း မုန်တိုင်းသတိပေးချက် အနီရောင်အဆင့် | မီးသတ်ဦးစီးဌာန | ❖ ခိုလှုံရာနေရာစာရင်း<br>❖ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး (Emergency Response Team) နှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်<br>❖ Speed Boat<br>❖ Structure<br>❖ အသက်ကယ်အကျီ<br>❖ ကြိုး<br>❖ စက်သုံးဆီ | ❖ ရှာဖွေကယ်ဆယ်ရေးကဏ္ဍမှ အဖွဲ့ဝင်များ၊<br>❖ ရပ်မိရပ်ဖများ၊<br>❖ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ<br>❖ ဘုန်းတော်ကြီးသင်စာသင်ကျောင်းနှင့်<br>❖ ဘုန်ကြီးကျောင်းများမှ တာဝန်ရှိသူများ<br>❖ သာသနာရေးဦးစီးဌာန<br>❖ လူမှုဖက်အဖွဲ့အစည်းများ |
| ၄ | ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခြင်း | ❖ ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှအဆိုးဝါးဆုံးဖြစ်ပျက်နေသောနေရာများ | အစိမ်းရောင်အဆင့် | ရှာဖွေကယ်ဆယ်ရေး ကဏ္ဍမှ အဖွဲ့ဝင်များအားလုံး | ❖ Chain Saw | ❖ ရှာဖွေကယ်ဆယ်ရေးနှင့် ယာယီနေရာချထားရေး |

| | | | | | | |
|---|---|---|---|---|---|---|
| | | အား လူစုခွဲပြီး ချက်ချင်းဆောင်ရွက်ရန်။<br>❖ သေဆုံးသူများအားမြုပ်ခြင်း။<br>❖ ပျောက်ဆုံးနေသောသူများအားရှာဖွေဆောင်ရွက်ခြင်း။<br>❖ စာရင်းကောက်ယူအဖွဲ့အစည်းနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>❖ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီဝင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>❖ ရေတွင်း၊ရေကန်များအားသန့်ရှင်းအောင် ပြုလုပ်ဆောင်ရွက်ရန်။<br>❖ လမ်း၊ တံတားများရှင်းလမ်းဆောင်ရွက်ရန်။ | | | ❖ Speed Boat<br>❖ သစ်သားဘုတ်<br>❖ ကယ်ဆယ်ရေးသုံးပစ္စည်းအိတ်<br>❖ ထမ်းစင်၊ကား<br>❖ ကာရာဗင်နာ<br>❖ စက်သုံးဆီအမျိုးမျိုး<br>❖ လူနာတင်ယာဉ် | (ဆပ်)ကော်မတီ<br>❖ ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ<br>❖ လုံခြုံရေးဆပ်ကော်မတီ |

## ၄. ၄. ၄ မင်းပြားမြို့နယ်ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | ခိုလှုံရာနေရာများဖော်ထုတ်သတ်မှတ်ထားရှိရန် | ❖ ယာယီနေထိုင်နိုင်သည့်ခိုင်ခံပြီးလူအများခိုလှုံနိုင်သောနေရာများအားရှာဖွေဖော် ထုတ်ထားခြင်း။ (ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ကုန်းမြင့်၊ တောင်ကုန်း)။ | ရေမကြီးမီ (ဧပြီလနှင့် မေလ) | ❖ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍမှဉက္ကဌ၊ ကျေးလက် | ❖ ဖုန်းနံပါတ်<br>❖ လူအင်အား | ❖ ခိုလှုံရာနေရာ စီမံခန့်ခွဲရေးကဏ္ဍမှ အဖွဲ့ဝင်များ<br>❖ မင်းပြားမြို့နယ်သံဃာ့နာယကအဖွဲ့ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ❖ ယာယီခိုလှုံရာ (Temporary Shelter) များဆောင်လုပ်နိုင်ရန် မြေနေရာ၊ ကုန်းမြင့်များ ဖော်ထုတ်ထားခြင်း။ | | | | ❖ သာသနာရေးရာဦးစီးဌာန<br>❖ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ<br>❖ ပညာရေးဦးစီးဌာန |
| ၂ | အစားအစာ၊ ရေ၊ အဝတ် အထည်ရရှိအောင် စီစဉ် ပေးခြင်း | ❖ ဒေသတွင်းရရှိနိုင်သော ပစ္စည်း စာရင်းနှင့် လိုအပ်ချက်များကိုတိတိ ကျကျကောက်ယူထားခြင်းနှင့် တိတိကျကျ မှတ်တမ်းပြုစုခြင်း။<br>❖ ကယ်ဆယ်ရေးသုံးပစ္စည်းရရှိနိုင်မည့် အင်အားကို ခရိုင်(သို့) ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ကြိုတင်ချိတ်ဆက် ထားခြင်း။<br>❖ စားသုံးသူရေးရာဦးစီးဌာနများနှင့် ချိတ်ဆက်ထားခြင်း။<br>❖ မြို့နယ်အတွင်း ပံ့ပိုးမှုပေးနိုင်မည့် ဌာန၊ အဖွဲ့အစည်း၊ အစိုးရမဟုတ် သော အဖွဲ့အစည်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ကြိုတင်ညှိနှိုင်း ပေါင်းစပ်ခြင်း။ | မုန်တိုင်းကြောင့်ရေကြီးခြင်း မဖြစ်မီ | ❖ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ❖ ဆက်သွယ်ရမည့် စာရင်းများ | ❖ ကျေးရွာအုပ်ချုပ်ရေးမှူး များ၊ ရပ်ကျေးစာရေးများ၊ ကျေးရွာတာဝန်ခံများ<br>❖ လူမှုရေးအသင်းအဖွဲ့များ<br>❖ ပရဟိတအဖွဲ့များ<br>❖ စီးပွားရေးလုပ်ငန်းရှင်များ<br>❖ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ<br>❖ လူမှုဂရုဏာအဖွဲ့အစည်းများ<br>❖ အရပ်ဖက်အဖွဲ့အစည်းများ |
| ၃ | ခိုလှုံသည့်နေရာများတွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်း ရေးအိမ်သာများရရှိအောင် | ❖ ယာယီအိမ်သာများဆောလျှင်စွာ တည်ဆောက်ခြင်း။ | မုန်တိုင်းကြောင့် ရေကြီး ခြင်း ဖြစ်ပွားပြီး ( ၂၄နာရီ မှ ၇၂) နာရီအတွင်း | ❖ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန | ❖ အိမ်သာ၊<br>❖ ငွေ၊ | ❖ မြို့နယ်ကြက်ခြေနီ<br>❖ UN, INGOs, CSOနှင့် |

| | | | | | | |
|---|---|---|---|---|---|---|
| | ဆောင်ရွက်ထားခြင်း | ❖ ယာယီရေကန်များနှင့် သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခြင်း။<br>❖ ခိုလှုံရန်ရောက်ရှိလာသူများအားနေရာများစီမံပေးခြင်း။<br>❖ လုံခြုံရေးအရ မီးများရရှိအောင် ဆောင်ရွက်ပေးခြင်း။ | | ❖ ကျန်းမာရေး ဦးစီးဌာန<br>❖ ကျေးလက်လမ်းဦးစီးဌာန | ❖ တာပေါ်လင်၊<br>❖ ဆိုလာ၊<br>❖ မီးစက်၊<br>❖ ဓါတ်ဆီ၊ ဒီဇယ်၊<br>❖ ရေသန့်ဆေး | အလှူရှင်များ<br>❖ ကျေးလက်ဦးစီးဌာန<br>❖ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>❖ မြို့နယ်စည်ပင်<br>❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ |
| ၄ | ထူးခြားဖြစ်စဉ်များအား သက်ဆိုင်ရာသို့အချိန်မီ သတင်းပို့ခြင်း | ❖ ခိုလှုံရာနေရာများတွင်ထူးခြားဖြစ် စဉ်ဖြစ်ရပ်များရှိပါက သတင်းများအား အမြန်ဆုံး ရရှိနိုင်စေရန်နှင့် သက်ဆိုင်ရာသို့ အကြောင်းကြား နိုင်စေရန် အတွက် တိုင်တန်းစာ box များကပ်ထားရန်။<br>❖ ရပ်ကျေးအုပ်စုအုပ်ချုပ်ရေးမှူးများအားအစီရင်ခံတင်ပြရန်ညွှန်ကြားထားခြင်း။ | ရေကြီးပြီးနောက် (၂၄နာရီမှ ၇၂နာရီ) အတွင်း | ❖ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ❖ နံရံကပ်အသိပေး box များ<br>❖ ICOM<br>❖ ဖုန်း<br>❖ ဆက်သား<br>❖ Viber group | ❖ မြို့နယ်ရဲတပ်ဖွဲ့<br>❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ |
| ၅ | အမိုးအကာရှိသော ခိုလှုံရာနေရာမလုံလောက်ပါက ယာယီခိုလှုံရာပြုလုပ်နိုင်ရန် စီစဉ်ပေးခြင်း | ❖ ကြိုတင်ဖော်ထုတ်ထားသော Temporary shelter ဆောင်လုပ်မည့် လျာထားနေရာများတွင် ဆောက်လုပ်ခြင်း။<br>❖ ရွက်ဖျင်တဲ၊ သစ်၊ ဝါးများစုဆောင်းခြင်း၊ စီစဉ်ခြင်း | ရေကြီးပြီးနောက် (၂၄နာရီ မှ ၇၂နာရီ) | ❖ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>❖ ကျန်းမာရေး ဦးစီးဌာန<br>❖ ကျေးလက်လမ်းဦးစီးဌာန<br>❖ မြို့နယ်စည်ပင်သာယာရေး ကော်မတီ | ❖ ရွက်ဖျင်တဲ<br>❖ တာပေါ်လင်<br>❖ ကြိုးခွေများ<br>❖ သစ်<br>❖ ဝါး<br>❖ လက်သမားသုံးပစ္စည်း | ❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ<br>❖ လူမှုရေးအဖွဲ့အစည်းများ<br>❖ ကြက်ခြေနီအဖွဲ့အစည်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၆ | မိသားစုပြန်လည်ပေါင်းစည်းရေး | ❖ ယာယီဆက်သွယ်ရေးစခန်းများ ထူထောင်ခြင်း<br>❖ ကြော်ငြာဆိုင်းဘုတ်များ ထားခြင်း | ရေကြီးခြင်းဘေးဖြစ်ပွား ပြီး ၇၂နာရီ | ❖ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ❖ တာပေါ်လင်<br>❖ ဖုန်း<br>❖ ဆိုင်းဘုတ်<br>❖ I-COM | ❖ မြန်မာ့ဆက်သွယ်ရေး<br>❖ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန<br>❖ နယ်မြေခံရဲကင်းမှ စခန်းမှူးများ<br>❖ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ |

## ၄. ၄. ၅ မင်းပြားမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | ဆေးဝါးများကြိုတင်စုဆောင်းထားခြင်းနှင့် ဆေးဝါးများ၏စာရင်းများ ပြုစုထားရှိခြင်း | ဘေးကင်းလုံခြုံသည့်နေရာများရွေးချယ်သတ်မှတ်ထားခြင်းနှင့် ဆေးခန်းများ ဖွင့်လှစ်ခြင်း။ | ကြိုတင်ပြင်ဆင် စီမံထားရှိခြင်း ပုံမှန် (၆)လ (၁)ကြိမ် မွမ်းမံခြင်း | ❖ မြို့နယ်ကျန်းမာရေးမှူး<br>❖ ကျန်းမာရေးလုပ်သား<br>❖ အရံသားဖွား<br>❖ ကျန်းမာရေးကျွမ်းကျင်စေတနာ့ဝန်ထမ်းများ | ❖ ဆေးဝါးနှင့်ကျန်းမာရေးဝန်ထမ်းများ<br>❖ CSO<br>❖ အရံသားဖွား<br>❖ အရပ်လက်သည် | ❖ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှအဖွဲ့ဝင်များအားလုံး |
| ၂ | ကြိုတင်စုဆောင်းထားသောဆေးဝါးများအားစနစ်တကျသုံးစွဲရန်နှင့်အရေးပေါ်ဆေးဝါးများ ကုသခြင်း။ | ကြိုတင်ရွေးချယ်သတ်မှတ်ထားသောနေရာများတွင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလုပ်ဆောင်ခြင်းနှင့် ဆေးဝါးကုသခြင်း။ | အရေးပေါ်ကျရောက်နေချိန်တွင် | ❖ မြို့နယ်ကျန်းမာရေးမှူး<br>❖ ကျန်းမာရေးလုပ်သား<br>❖ အရံသားဖွား<br>❖ ကျန်းမာရေးကျွမ်းကျင်စေတနာ့ဝန်ထမ်းများ | ❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ဖုန်းနံပါတ်<br>❖ ကျန်းမာရေးစေတနာ့ဝန်ထမ်းများ၏ဖုန်းနံပါတ်များ<br>❖ ကျန်းမာရေးဝန်ထမ်း | ❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ<br>❖ ရပ်ကျေးစာရေးများ<br>❖ ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | များ၏ viber group နှင့်ဆက်သွယ်ခြင်း။ | |
| ၃ | ထိခိုက်ဆုံးရှုံးနိုင်ခြေများသည့်ကျေးရွာအုပ်စုများအားဦးစားပေးကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း။ | မြို့နယ်ကျန်းမာရေးမှူးမှတာဝန်များခွဲဝေညွှန်ကြားထားခြင်းနှင့်ထိခိုက်ဆုံးရှုံးနိုင်ခြေ ရှိသည့်ကျေးရွာ အုပ်စုများအားစာရင်းပြုစုပြီး ကျန်းမာရေးဝန်ထမ်းများအားအသိပေးထားခြင်း။ | ရေကြီးခြင်းဘေးကျ ရောက်ပြီးနောက် (၂၄) နာရီအတွင်း | ❖ ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ | ❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ဖုန်းနံပါတ်<br>❖ Viber Group | ❖ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများ<br>❖ ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ |
| ၄ | ရေတွင်းရေကန်များအားဆေးခပ်ပေးခြင်းနှင့် ယင်လုံအိမ်သာသုံးစွဲနိုင်ရန်ထောက်ပံ့ခြင်း။ | ❖ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ပူးပေါင်းပြီးအလှူရှင်များရှာဖွေခြင်း။<br>❖ ယင်လုံအိမ်သာများသုံးစွဲနိုင်ရန်ပြည်သူလူထုနှင့်ပူးပေါင်းပြီး ပညာပေးခြင်းများ လုပ်ဆောင်ခြင်း။ ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေခြင်း။<br>❖ နောက်ဆက်တွဲကူး စက်ရောဂါများမဖြစ်ပွားစေရန်ရေတွင်းရေကန်များတွင် ဆေးများခပ်ပေးခြင်း။ | ရေကြီးခြင်းဘေးကျရောက်ပြီးနောက် (၂၄) နာရီအတွင်း | ❖ ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ | ❖ ရေသန့်ဆေးပြားများ<br>❖ ယင်လုံအိမ်သာဆောက်လုပ်ရန်ပစ္စည်းများ၊<br>❖ ကျန်းမာရေးဝန်ထမ်းများ<br>❖ စေတနာ့ဝန်ထမ်းများ | ❖ ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ<br>❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများ<br>❖ လူမှုရေးအသင်းအဖွဲ့များ<br>❖ ပြည်တွင်း၊ ပြည်ပအလှူရှင်များ<br>❖ ပြည်နယ်ကျန်းမာရေးဦးစီးဌာန<br>❖ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ |
| ၅ | ရေကိုကြိုချက်၍သောက်ရန်အသိပညာများပေးခြင်း နှင့် ဆေးစိမ်ခြင်ထောင်များဖြန့်ဝေခြင်း | ❖ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊<br>❖ လူထုအစည်းဝေးများ ပြုလုပ်ပညာပေးခြင်း။<br>❖ ကျေးရွာများသို့သွားရောက်ပြီးဆေးစိမ်ခြင်ထောင်များဖြန့်ဝေခြင်း။ | ရေကြီးခြင်းဘေးကျရောက်ပြီးနောက် ချက်ချင်း (၂၄-၂၈) | ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ | ဆေးစိမ်ခြင်ထောင်များ | ❖ လူမှုရေးအသင်းအဖွဲ့များ<br>❖ ပြည်နယ်ကျန်းမာရေးဦးစီးဌာန<br>❖ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |

| | | | | | | |
|---|---|---|---|---|---|---|
| | | ❖ ယာယီခိုလှုံရာနေရာများတွင်ဆေးစိမ်ခြင်ထောင်များဖြန့်ဝေခြင်း။ | | | | ❖ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ |
| ၆ | အရေးပေါ်လူနာများအား ပြည်နယ်ကျန်းမာရေးဌာနသို့ချက်ချင်းလွှဲပြောင်းပေးခြင်း | ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး အရေးပေါ်လူနာများအားချက်ချင်းလွဲ ပြောင်းနိုင်စေရန် စီမံခန့်ခွဲခြင်း။ | ရေကြီးခြင်းဘေးကျရောက်ပြီးနောက်ချက်ချင်း | ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ | ❖ လွှဲပြောင်းသည့်လူနာမှတ်တမ်းစာရင်းအပြည့်အစုံ<br>❖ ယာဉ်များ<br>❖ ကျန်းမာရေးစေတနာ့ဝန်ထမ်းများ | ❖ လူမှုရေးအသင်းအဖွဲ့များ<br>❖ ပြည်နယ်ကျန်းမာရေးဦးစီးဌာန<br>❖ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>❖ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ |

## ၄. ၄. ၆ မင်းပြားမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ခြင်း (သိုလှောင်ရုံများ၊ အစားအစာခြောက်များ၊ ရေသန့်များလိုအပ်ချက် ဖော်ထုတ်ခြင်းနှင့် သက်ဆိုင်ရာဆက်နွယ်သူများနှင့် ပေါင်းစပ်ခြင်း | ❖ သိုလှောင်ရုံလိုအပ်ချက်ဖော်ထုတ်ခြင်းနှင့် တည်ဆောက်ရန် ပြင်ဆင်ခြင်း။<br>❖ အရေးပေါ်ပစ္စည်းများအားစနစ်တကျသိုလှောင်ထားရှိခြင်း။<br>❖ မိမိမြို့နယ်တွင်အရေးပေါ်ဆန်များဖြန့်ဝေနိုင်ရန်မြို့နယ်ဆန်ကုန်သည်များနှင့် ချိတ်ဆက်ထားခြင်း။<br>❖ ထောက်ပံ့ရေးပစ္စည်းများရရှိအောင်အလှူရှင်များနှင့်ချိတ်ဆက်ခြင်း။<br>❖ ထောက်ပံ့ရေးပစ္စည်းများမပျက်စီးစေရန်ထိန်းသိမ်းထားခြင်း။ | ရေကြီးခြင်းဘေးမဖြစ်မီကြိုတင်ပြင်ဆင်စီမံထားရှိခြင်း။ | မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ | ❖ သိုလှောင်ရုံဆောက်လုပ်ရန်မြေနေရာ<br>❖ စားရေရိက္ခာ<br>❖ ငွေကြေး<br>❖ ဆက်နွယ်ပတ်သက်သူများ(ပုဂ္ဂလိကလုပ်ငန်းရှင်၊ လူမှုဂရုဏာအဖွဲ့အစည်း၊ ပရဟိတအဖွဲ့များ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ) နှင့်ဆက် | ❖ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍမှအဖွဲ့ဝင်များအားလုံး) ပုဂ္ဂလိကအလှူရှင်များ<br>❖ လူမှုဂရုဏာအဖွဲ့အစည်း၊ ပရဟိတအဖွဲ့များ၊<br>❖ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ) |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | သွယ်ရမည့်စာရင်း | |
| ၂ | ထောက်ပံ့ပို့ဆောင်ရန်လို အပ်သော ပစ္စည်းများကို စာရင်းပြုစုထားရှိခြင်းနှင့် ပို့ဆောင်ရေးအတွက် လမ်း ကြောင်းများစာရင်းပြုစုခြင်း | ❖ ဖြန့်ဝေရေးပုံစံများကို ရေးဆွဲထားခြင်း။<br>❖ စားရေရိက္ခာလိုအပ်ချက်ကို စာရင်း ပြုစုခြင်းနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခြင်း။<br>❖ ကြိုတင်ဖော်ထုတ်ထားသော ထိခိုက် ခံရလွယ်ကျေးရွာ (၅၁)ရွာ အတွက် အမြန်ဆုံးသွားရောက်နိုင်မည့်ရေလမ်း၊ ကုန်းလမ်းကြောင်းများ ဖော်ထုတ်ခြင်း။<br>❖ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် စက်သုံးဆီ လိုအပ်ချက်ကို ကြိုတင် စာရင်းပြုစုထားခြင်း။<br>❖ သက်ဆိုင်ရာဌာနဆိုင်ရာများမှယာဉ် စာရင်း များရယူထားခြင်း။ | ရေကြီးခြင်းဘေးမဖြစ်မီ ကြိုတင်ပြင်ဆင်စီမံ ထားရှိ ခြင်း။ | အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန | ❖ ဆက်သွယ်ရမည့် စာရင်း များ<br>❖ ထိခိုက်ခံရလွယ်ကျေးရွာ (၅၁)ရွာ လူဦးရေစာရင်း<br>❖ ဖြန့်ဝေသည့်ပုံစံများ၊ စာ ရွက်များ | ❖ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍမှ အဖွဲ့ဝင်များအားလုံး<br>❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများ<br>❖ ပြည်တွင်း၊ပြည်ပအလှူရှင်များ<br>❖ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီး ဌာန |
| ၃ | စားနပ်ရိက္ခာ၊ရေ၊ထောက်ပံ့ ပစ္စည်းများဖြန့်ဝေခြင်း | ❖ အကျိုးခံစားခွင့် ရှိသူများ ထိခိုက်ခံရ လွယ်သောသက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်၊ မသန်စွမ်း၊ ကလေး သူငယ်များ အားဦးစားပေး ထောက် ပံ့ကူညီခြင်း | ရေကြီးခြင်းဘေးကျရောက် ပြီးနောက် ( ၂၄-၄၈ နာရီ အတွင်း) | မြို့နယ်ဘေးအန္တရာယ်ဆိုင် ရာစီမံခန့်ခွဲမှု ကော်မတီဥက္ကဌ | ❖ ဆက်သွယ်ရမည့်စာရင်း များ၊<br>❖ စားနပ်ရိက္ခာအသုံးအ ဆောင်ပစ္စည်းများ<br>❖ ဖြန့်ဝေသည့်ပုံစံများစာ ရွက်များ | ❖ ဖွဲ့စည်းထားသော (Emergency Response Team )<br>❖ ဘေးအန္တရာယ်ပြင်းအားနှင့် ထိခိုက်မှုပေါ်အခြေခံပြီး မြို့ နယ်အတွင်းရှိ ဌာန (၃၆) ခု<br>❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများ<br>❖ လူမှုဂရုဏာအဖွဲ့အစည်းများ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | ❖ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ<br>❖ ဘုန်းတော်ကြီးများ<br>❖ ရပ်မိရပ်ဖများ |
| ၄ | သွားလာရေခက်ခဲသော၊ ဝေလံ ခေါင်းဖျားဒေသများ အတွက်ထောက်ပံ့ ပစ္စည်း များအချိန်မီပေးပို့နိုင်ရန် စီမံထားရှိခြင်း | ❖ မြို့နယ်ဌာနဆိုင်ရာအားလုံးနှင့် ပရဟိတအသင်းအဖွဲ့များ၊ ပြည်သူလူထုများ ပူးပေါင်းပြီးဆောင်ရွက်ခြင်း။<br>❖ နီးစပ်ရွာများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး များနှင့်ပူးပေါင်းကာဆောင်ရွက်ခြင်း။ | ရေကြီးခြင်းဘေးကျ ရောက်ပြီးနောက် (၂၄ - ၄၈ နာရီ အတွင်း) | အရေးပေါ်ထောက်ပံ့ရေး လမ်းကြောင်းရှင်းလင်းရေး နှင့် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ | ❖ သယ်ယူပို့ဆောင်ရေး ယာဉ်များ<br>❖ စားနပ်ရိက္ခာများ<br>❖ လူအင်အား | ❖ လူမှုရေးအသင်းအဖွဲ့များ<br>❖ မီးသတ်၊ မြို့နယ်ကြက်ခြေနီ<br>❖ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>❖ စေတနာ့ဝန်ထမ်းများ<br>❖ မြို့မိမြို့ဖများ |

## ၄. ၄. ၇ မင်းပြားမြို့နယ် လုံခြုံရေးကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | လုံခြုံရေးလုပ်ငန်းများလုပ်ဆောင်ရန်ကြိုတင်ပြင်ဆင်ခြင်း | ❖ လုံခြုံရေးအဖွဲ့များကို စုဖွဲ့ထားခြင်း နှင့် နယ်မြေအလိုက်တာဝန်ခွဲဝေထားခြင်း။<br>❖ လိုအပ်သောကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် သင်တန်းများ ပို့ချခြင်း။<br>❖ ခိုလှုံရာနေရာတွင်ရှိသော ဘေးသင့်ပြည်သူများ၏ လုံခြုံရေးအစီအမံများ ဖြစ်သော (မိသားစုပြန်လည် ပေါင်း | မုတ်သုံမကျခင် မေလ နှင့် ဧပြီလ | မြို့နယ်ရဲတပ်ဖွဲ့ | ❖ ဆက်သွယ်ရေးစက်<br>❖ ယာဉ်များ၊ ရေယာဉ်များ<br>❖ အသက်ကယ်အကျီ<br>❖ Hand Speaker<br>❖ ယာယီတဲ<br>❖ လက်နှိပ်ဓါတ်မီး | ❖ လုံခြုံရေးကဏ္ဍမှ အဖွဲ့ဝင်များအားလုံး<br>❖ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ |

| | | | | | | |
|---|---|---|---|---|---|---|
| | | စည်းရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကြမ်းဖက်မှုနှင့် လူကုန်ကူးမှု ကာကွယ်တားဆီးရေး)။ | | | | |
| ၂ | ဒေသဆိုင်ရာရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး သတ်မှတ်ထားသောခိုလှုံရာနေရာများတွင် လုံခြုံရေးဆောင်ရွက်ခြင်း | ❖ လူအင်အားအပေါ် မူတည်ပြီးစီမံခန့်ခွဲခြင်း။<br>❖ လုံခြုံရေးအင်အားများအားစုဆောင်းထားခြင်း။<br>❖ လိုအပ်သည့်ယာဉ်များ၊ဆက်သွယ်ရမည့် ကိရိယာများ၊ လူအင်အားများ၊ စားနပ်ရိက္ခာများ၊ အသက်ကယ်အင်္ကျီများအားကြိုတင်စာရင်းပြုစုထားရှိပြီး ကြိုတင်ပြင်ဆင်ထားခြင်း။<br>❖ အရေးပေါ်ယာဉ်များအဆင်သင့်ထားရှိခြင်း။ | ရေကြီးခြင်းဘေးဖြစ်ပွားပြီးနောက် ၂၄ နာရီအတွင်း | မြို့နယ်ရဲတပ်ဖွဲ့ | ❖ ဆက်သွယ်ရေးစက်<br>❖ ယာဉ်များ၊ ရေယာဉ်များ<br>❖ အသက်ကယ်အင်္ကျီ<br>❖ ဓါတ်မီး<br>❖ Hand Speaker | ❖ လုံခြုံရေးကဏ္ဍမှ အဖွဲ့ဝင်များအားလုံး |
| ၃ | ပြည်သူများလုံခြုံမှုရှိစေရန် အတွက်ဆောင်ရွက်ခြင်း | ❖ လုံခြုံရေးအနေဖြင့်အချိန်/နာရီအပိုင်းအခြားဖြင့်ကင်းစောင့်စေပြီးရေဘေးသင့်ပြည် သူများခိုက်ရန်မဖြစ်ပွားစေရန်နှင့် ပြင်ပမှ မသမာမှုများဝင်ရောက်လုယက်မှုမရှိစေရေး (၂၄) နာရီပတ်လုံးကင်းချပြီးထူးခြင်း ဖြစ်စဉ်များအားစောင့်ကြည့်ရန်။ | ရေကြီးခြင်းဘေးကျရောက်နေစဉ်နှင့်ကျရောက်ပြီးနောက် ၂၄ နာရီပတ်လုံး | လုံခြုံရေးဆပ်ကော်မတီ | ❖ I-COM<br>❖ လက်နက်<br>❖ အရေးပေါ်ယာဉ်<br>❖ အသက်ကယ်အင်္ကျီ<br>❖ လက်နှိပ်ဓါတ်မီး<br>❖ ယာယီတဲ | ❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများ<br>❖ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ |
| ၄ | ဘေးအန္တရာယ်နှင့်ပတ်သက်သော ထူးခြားဖြစ်စဉ်များအားစောင့်ကြည့်ခြင်းနှင့် | ❖ ဖြစ်ပေါ်နေသည့်အခြေအနေအားစဉ်ဆက်မပြတ်စောင့်ကြည့်ပြီး အထက် သို့ အဆင့်ဆင့်ဖုန်းဖြင့် | ရေကြီးခြင်းဘေးမဖြစ်မီ၊ ဖြစ်နေစဉ်နှင့်ကျရောက်ပြီးနောက် ဖြစ်စဉ်များကို ၁ | လုံခြုံရေးဆပ်ကော်မတီ | ❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ဖုန်းနံပါတ် | ❖ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |

| | | | | | | |
|---|---|---|---|---|---|---|
| | သတင်းများအားအချိန်မီ တင်ပြခြင်း | ဆက်သွယ်အကြောင်းကြားခြင်း။<br>❖ ထူးကဲဒီရေတက်မည့်အခြေအနေများကို အချိန်ပြည့် စောင့်ကြည့်ပြီး ထူးခြားဖြစ်စဉ်များအားသင့်တော်သောဆက်သွယ်ရေးလမ်းကြောင်းများဖြင့် အသိပေးအကြောင်းကြားခြင်း။<br>❖ ထောက်ပံ့ပစ္စည်းများပေးလှူရန်အတွက် လာရောက်ကြသော အလှူရှင်များအားလည်း လုံခြုံရေးဆောင်ရွက်ခြင်း။<br>❖ အခြားဆပ်ကော်မတီများနှင့်ပူးပေါင်းပြီးလုံခြုံရေးလုပ်ငန်းများအားဆောင်ရွက်ခြင်း။ | နာရီခြားတစ်ကြိမ် နှုန်းတင်ပြရန် | | ❖ ယာဉ်များ၊ ဓါတ်ဆီ<br>❖ အသက်ကယ်အကျီ<br>❖ I-COM | ❖ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများ<br>❖ အရံမီးသတ်တပ်ဖွဲ့ |

## ၄. ၄. ၈ မင်းပြားမြို့နယ် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
